ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့၊ စနေနေ့၊ (5-5-2012) (၇၁၁)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော်　　မေ　၄**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အာဆီယံပါလီမန်များညီလာခံအတွင်းရေးမှူးချုပ် H. E. Mr. Hon. Antonio Veloso Cuenco ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယနာယက ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံအသိုက်အဝန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ AIPA အခန်းကဏ္ဍမြှင့်တင်ရေးနှင့် AIPA ၏ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိအောင် ဆောင်ရွက်သင့်သည့် နည်းလမ်းများရှာဖွေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ဧည့်သည်တော် H. E. Mr. Hon. Antonio Veloso Cuenco တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အာဆီယံပါလီမန်များညီလာခံအတွင်းရေးမှူးချုပ် H. E. Mr. Hon. Antonio Veloso Cuenco အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

## ယနေ့သတင်းအညွှန်း

ထူးခြားမွန်မြတ်လှသော ကဆုန်လပြည့် မြတ်ဗုဒ္ဓအခါတော်နေ့တွင် အစဉ်အလာကြီးမားသည့် ညောင်ရေသွန်းပွဲတော်များ ကျင်းပကာ ......

ဆောင်းပါး စာမျက်နှာ - ၆

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး နိုင်ငံတကာလေ့လာမှုဆိုင်ရာ ရှင်းလင်းဆွေးနွေး**

ပြည်တွင်းသတင်း စာမျက်နှာ - ၉

**ကမ္ဘာလှည့်ခရီးသွားများအတွက် ကန့်သတ်နယ်မြေများအား ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိ**

ပြည်တွင်းသတင်း စာမျက်နှာ - ၆

**အီရန် နျူလက်နက်ပိုင် နိုင်ငံဖြစ်လာမည်ကို လက်မခံနိုင်ဟု ဂျာမနီပြောကြား**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

# စွန့်လွှတ်စွန့်စား စွမ်းရည်ထက်မြက် စက္ကန့်မလပ်ဆောင်ရွက် ခေတ်မီမီးသတ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ➤ အေးမင်း ✻ ထက်ခိုင်

မီးဘေးအန္တရာယ်သည် နေရာတိုင်းတွင်ဖြစ်ပွားနိုင်ပြီး ယနေ့မျက်မှောက်ခေတ်တွင် ဆုံးရှုံးမှုကြီးမားသော ဘေးအန္တရာယ်အဖြစ် ရောက်ရှိလာခဲ့သည်။ မီးလောင်မှုများကို ပြန်လည်ဆန်းစစ်ကြည့်ပါက ပေါ့ဆမီးကများသည်။ မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်အတွင်း မီးလောင်မှု ၉၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် သန်းပေါင်း ၁၈၉၈ ဒသမ ၆၄ ကျော်ဆုံးရှုံး၍ လူပေါင်း ၆၁ ဦးသေဆုံးကာ အိမ်ခြေအဆောက်အအုံပေါင်း ၃၄၀၇ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည် ၁၂၆၉၀ ထိရှိလာခဲ့ကြောင်း သိခဲ့ရသည်။ ထိုကဲ့သို့ဖြစ်ပေါ်မှုများကို လျှော့ချနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် လေ့ကျင့်လုပ်ဆောင်နေမှုများကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးတင်မိုး (ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေနဲ့ ပြည်သူလူထုအား အကူအညီပေးရန် မိမိတို့မှာ အမြဲတာဝန်ရှိသည်ဟူသော စိတ်ဓာတ်ထားရှိကြရန်၊ အတိတ်ကာလအတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း လက်တွေ့ကျသောစီမံချက်များထားရှိပြီး ဇာတ်တိုက်လေ့ကျင့်ထားကြရန်၊ ပိုမိုလုံခြုံစိတ်ချရသော ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများဖြစ်လာရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်များကိုမြှင့်တင်သွားရေးဆိုတဲ့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ချမှတ်ပေးတဲ့လမ်းညွှန်မှုနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိပါတယ်။ မီးဘေးလုံခြုံမှုကိုဆောင်ရွက်တဲ့နေရာမှာ အပိုင်းနှစ်ခုရှိတယ်။ မီးလောင်ကျွမ်းမှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှုလုပ်တဲ့အပိုင်းရယ်၊ ကြိုတင်ကာကွယ်နေတဲ့ထဲက မီးလောင်ရင် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်အမြန်ဆုံးငြိမ်းသတ်ဆောင်ရွက်နိုင်ဖို့ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အတိတ်ကာလက မီးလောင်မှုတွေကိုပြန်လည်ဆန်းစစ်တဲ့အခါ ပေါ့ဆမီးတွေများတယ်။ ဒါကြောင့် သတိပြုမိအောင် စစ်ဆေးမှုတွေ၊ နှိုးဆော်မှုတွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆောင်ရွက်နေတဲ့ကြားထဲက ပေါ့ဆမီးကလျော့မသွားဘူး။ ပြည်သူလူထုအနေနဲ့ ကိုယ်စီကိုယ်စီ သတိပြုသွားဖို့ လိုပါတယ်။ ဥပမာအားဖြင့်ပြောရရင် ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေမီး၊ မီးဖိုမီးအစရှိတဲ့ မီးစတစ်စရှိတာနဲ့ မီးတွေအချိန်မရွေးလောင်နိုင်တာကို အများပြည်သူတွေအနေနဲ့ သတိပြုရမှာဖြစ်ပါတယ်။ နေရာတိုင်းမှာဆိုရင် မီးလောင်နိုင်တဲ့ အကြောင်းတရားတွေရှိတယ်။



**မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကာကွယ်ရေး၊ မီးဘေးကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုကို တွေ့ရစဉ်။**

အဲဒီလိုဖြစ်ပွားနေတာကလည်း လျှပ်စစ်မီးဖိုတွေကို ပိတ်မထားဘဲ သတိမေ့ပေါ့ဆတာတွေ၊ အရည်အသွေးနိမ့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲခဲ့တာတွေကြောင့် မီးလောင်ကျွမ်းခဲ့တာတွေလည်း စစ်ဆေးတွေ့ရှိခဲ့ရတယ်။ ဒါကြောင့် မီးဘေးကြိုတင်ကာကွယ်ရေးမှာ မီးလောင်နိုင်တဲ့ အကြောင်းတရားတွေကို **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြေးမုံစာတည်းရှုထောင့်

၅-၅-၂၀၁၂(စနေနေ့)။

## သွန်းလောင်းညောင်ရေ ခက်လက်ဝေစည် အသက်ရှည်

မြတ်ဗုဒ္ဓဘုရားရှင်သည် လောကသုံးပါးတွင် အတုမဲ့ အနှိုင်းမဲ့ဗုဒ္ဓအဖြစ် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ပွင့်ထွန်းတော်မူခဲ့သည်။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီး အထွတ်အထိပ်သို့ ရောက်ရှိချိန်မှသည် ပရိနိဗ္ဗာန်စံဝင်သည်အထိ ဝေနေယျသတ္တဝါတို့အား ကောင်းကျိုးချမ်းသာရရှိစေမည့် တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့ပေသည်။

ကဆုန်လပြည့်နေ့သည် မြတ်ဗုဒ္ဓဘုရားရှင်၏ ဖြစ်စဉ်တော်များနှင့် ဆက်စပ်ဖြစ်တည်နေသည်။ ဗုဒ္ဓဘုရားရှင် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟူ၍ ဗျာဒိတ်တော်ရရှိခြင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခြင်း၊ မြတ်ဗုဒ္ဓနှင့် ဖွားဖက်တော်ခုနစ်ပါးတွင် ပါဝင်သည့် မဟာဗောဓိပင် ပေါက်ရောက်တော်မူခြင်း၊ သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဘုရားရှင်အဖြစ် ရောက်ရှိတော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ဖြစ်စဉ်အားလုံးတို့သည် ကဆုန်လပြည့်နေ့တွင်သာ ဖြစ်ပေါ်ခဲ့ပေသည်။

ယင်းသို့ ကဆုန်လပြည့်နေ့နှင့် ဗုဒ္ဓဘုရားရှင်ဘဝဖြစ်စဉ်တော်များ ဆက်စပ်ဖြစ်တည်နေသဖြင့် **ကဆုန်လပြည့် ဗုဒ္ဓနေ့** ဟူ၍ အထွတ်အမြတ်ထား သတ်မှတ်ခေါ်ဆိုကြခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓနေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပ၍ မြတ်ဘုရားရှင်ပွင့်တော်မူသော မဟာဗောဓိပင်ကို ရေစင်သွန်းလောင်း ပူဇော်ကြမြဲဖြစ်သည်။

ထို့အပြင် ကဆုန်လသည် **တန်ခူးရေကုန် ကဆုန်ရေခန်း** ဆိုစကားနှင့်အညီ အပူရှိန်ပြင်းထန်သည်။ ကန်၊ ချောင်း၊ အင်း၊ အိုင်များပင် ရေပြတ်ရေစစ် ခန်းခြောက်တတ်သည့် သဘာဝရာသီဖြစ်သည်။ မဟာဗောဓိပင်သည် မြတ်ဗုဒ္ဓနှင့် ဖွားဖက်တော်ခုနစ်ပါးတွင် ပါဝင်သည့်အပြင် ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော အပင်ဖြစ်၍ ပရိဘောဂစေတီဖြစ်တော်မူသည်။ ယင်းသို့ ပူပြင်းခြောက်သွေ့သော ကဆုန်လတွင် ဗုဒ္ဓဘုရားရှင်၏ ပရိဘောဂစေတီဖြစ်တော်မူသော မဟာဗောဓိပင် လန်းဆန်းသက်ရှည် ခက်လက်ဝေဖြာစေခြင်းအကျိုးငှာ ရေစင်ရေအေးတို့ဖြင့် သွန်းလောင်းကုသိုလ်ပြုကြခြင်းဖြစ်သည်။

သူတော်စင် သူတော်ကောင်းအပေါင်းတို့က ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ရည်မျှော်မှန်းလျက် မဟာဗောဓိပင်ကို သွန်းလောင်းပူဇော်ကြသည်။ ညောင်ရေသွန်းလောင်း ပူဇော်သူအပေါင်းတို့၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြည်လင် အေးချမ်းမှုနှင့်အတူ ကုသိုလ်ထူး ကုသိုလ်မြတ်များ ရရှိနိုင်ကြပေမည်။

နေပူရှိန်ထန်ပြင်း ရေပြတ်သည့်အချိန်အခါ၌ ညောင်ရေသွန်းလောင်းကြခြင်းသည် ပြုသင့်ပြုထိုက်သော မွန်မြတ်သည့် အစဉ်အလာကောင်းဖြစ်သည်။ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ဗုဒ္ဓ၏ ပရိဘောဂစေတီကို နှစ်စဉ် ရေစင်သွန်းလောင်းပူဇော်ကြခြင်းဖြင့် သူတော်စင် သူတော်ကောင်းအပေါင်းတို့သည် မဟာဗောဓိပင် ခက်လက်ဝေစည် လန်းဆန်းအသက်ရှည်သကဲ့သို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့သာယာ အသက်ရှည်ကျန်းမာကြပြီး မြတ်ဗုဒ္ဓ၏ ကုသိုလ်သုစရိုက်တရားများ ဆက်လက်ပွားများ အားထုတ်နိုင်ကြမည်ဟု ရှုမြင်မိပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်အထက်လွှတ်တော်အမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၄

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်နိုင်ငံ Liberal Democratic Party မှ အထက်လွှတ်တော်အမတ် Mr. Yoshihiko ISOZAKI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ဂျပန်ကိုယ်စားလှယ်အဖွဲ့က မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကောင်းမွန်နက်ရှိုင်းသော ဆက်ဆံရေးကို ထူထောင်လိုကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းအင်ဖူလုံမှုရရှိစေရေးတို့အတွက် ဂျပန်နိုင်ငံမှ နည်းပညာနှင့် အရင်းအနှီးများ ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ရရှိရေး၊ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်များ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကို သိရှိလိုကြောင်း မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများ၊ ပြည်တွင်းသုံး စွမ်းအင်ဖူလုံမှုရရှိရေးအတွက် ပြောင်းလဲကျင့်သုံးလျက်ရှိသော မူဝါဒများ၊ ကုန်းတွင်းနှင့်ကမ်းလွန် ရေနံလုပ်ကွက်များတွင် နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ ရေနံလုပ်ငန်းများနှင့် ပတ်သက်၍ လက်ခံကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်နိုင်ငံ Liberal Democratic Party မှ အထက်လွှတ်တော်အမတ် Mr. Yoshihiko ISOZAKI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မန္တလေး မေ ၄**

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် ၈၁ လမ်းထောင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၌ ကျင်းပရာ မန္တလေး ခရိုင်အတွင်းရှိ သန္တေနှင့် ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင် ၂၈၀ နှင့် မိသားစုဝင် ၃၀ တို့က သွေးများ လာရောက်လှူဒါန်းရာ**(ဓါတ်ပုံ)** အမှတ်(၁)ပြည်နယ်နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်တိုးနှင့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက ကြည့်ရှုအားပေးကြပြီး အမျိုးသားသွေးလှူဘဏ်ခွဲ (မန္တလေး) တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းနှင့် ဆရာဝန်၊ သူနာပြုများက နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် လာရောက်၍ သွေးများရယူဆောင်ရွက်ကြပြီး သွေးလှူရှင်များကို အားဖြည့်အစာနှင့် လက်ဆောင်ပစ္စည်းပေးအပ်ကြောင်း သိရသည်။ (၆၅၃)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၅–၅–၂၀၁၂ (စနေနေ့)**

၇း၀၅ တရားတော်

၈း၁၅ ဇာတ်လမ်းတို

၁၁း၂၅ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ
(အပိုင်း-၅၃)

၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
**-တစ်ယောက်က တစ်ယောက်ကို**
**(မြင့်မြတ်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်များ)**
**(ဒါရိုက်တာ-ဝင်းထွန်းထွန်း)**

၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ရှင်သန်နေသရွေ့**
**(အပိုင်း-၂၂)**

၄း၅၅ သတိနှင့်တိုးမည့် ဖလံပိုးများ

၅း၂၀ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ

၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ကွန်ဖူးဘုရင်ဘရုစ်လီ**
**(အပိုင်း-၃၂)**

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း
-မီးလျှံကြားက သွေးသစ္စာ
(အပိုင်း-၂) (ဇာတ်သိမ်း)
-လူရွှင်တော်စတား
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"အရိုက်အရာ" (အပိုင်း-၁၀)**
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-အရုဏ်ဦးရဲ့လင်းသံစဉ်**
**(အပိုင်း-၂၄)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၂. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၉၁၅၀ | ၀. ၀၃၂၃၅ |
| တရုတ် (ယွမ်) | ၆. ၂၉၉၇၀ | ၀. ၁၅၈၇၄ |
| အိန္ဒိယ (ရူပီး) | ၅၃. ၄၇၃၃ | ၀. ၀၁၈၇၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၄၃၅၁ | ၀. ၃၂၈၅၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၁၃၂ | ၀. ၈၀၅၅၉ |
| ဂျပန် (ယန်း) | ၇၉. ၉၉၀၃ | ၀. ၀၁၂၅၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၁. ၅၃ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၆၀၄၄ | ၁. ၃၁၅၀၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၇၈၂ | ၁. ၆၁၈၆၀ |

**အင်တာနက်။**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပုဂံဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မြှင့်တင်ပြင်ဆင်မည်

**နေပြည်တော် မေ ၄**

ပုဂံဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မြှင့်တင်ပြင်ဆင်ရန် ကမ္ဘာ့ဂေါက်သီးအားကစားသမား ဆွီဒင်နိုင်ငံသား Mr. Gabriel Hjertstedt သည် Amazing Holidays Hotels & Resorts ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်နှင့်အတူ ယနေ့တွင် ပုဂံဂေါက်ကွင်းအား လာရောက်ကြည့်ရှုပြီး မေ ၅ ရက်တွင် ပုဂံဂေါက်ကွင်းအား Bagan Golf & Country Club အမည်ဖြင့် လွှဲပြောင်းရယူခြင်း အထိမ်းအမှတ်အဖြစ် Amazing Holidays Hotels & Resorts က ကြီးမှူးကျင်းပသည့် Rendezvous Golf Tournament တွင် ပါဝင်ယှဉ်ပြိုင်ကစားမည့် ဂေါက်အတွဲတိုင်း၌ တစ်ကျင်းစီ ပါဝင်ကစားပေးမည်ဖြစ်ကြောင်း သိရသည်။

Mr. Gabriel Hjertstedt သည် ဂေါက်သီးချန်ပီယံဆုများအား The Rookie of The Year award for the Australian PGA Tour (1990), FGT Rookie of The Year award 1991, 4th In The Australian Masters, Huntingdale, Melbourne (1992), In Gaining Tour Membership In 1999 and recorded 3 top - 25 Finishes in 1992, Played in his first season on the European Tour in 1993, as a full time player on the tour in 1994, In October 1996 Gabriel was one of approximately 4,000 other professional golfers who entered into the PGA TOUR qualifying tournament တို့အပြင် B.C Open played in endicott, New York, US PGA TOUR in 1997 နှင့် Touchstone energy Tucson Open In February 1999 played in Tucson, Arizona တို့၌လည်း ဆွတ်ခူးရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)သို့ စာအုပ်စာစောင်များလှူဒါန်း

**နေပြည်တော် မေ ၄**

ဆေးရုံတက်ပြည်သူများအား စာပေဗဟုသုတများ တိုးပွားရရှိစေရေး အထောက်အကူပြုရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)စာကြည့်တိုက်အတွက် လှူဒါန်းသည့် စာအုပ်မျိုးစုံ ၃၂၇ အုပ်နှင့် စာစောင်မျိုးစုံ ၁၃၄၄ စောင်တို့ကို ဧပြီ ၂၆ ရက်တွင် အဆိုပါဆေးရုံ ဆေးရုံအုပ်ကြီးရုံးခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ(စီမံ) ဦးဇော်မင်းက ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူ၊ ဆေးရုံအုပ် ဒေါက်တာကျော်မြင့်နှင့် သူနာပြုအုပ်ကြီး ဒေါ်တင်ပိုက်တို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**

(ကြေးမုံ)

# ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် Champion Challenge Cup ပြိုင်ပွဲ ကျင်းပရေး အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၄

**၂၀၁၂ခုနှစ် ဒုတိယအကြိမ် နေပြည်တော် Champion Challenge Cup ပြိုင်ပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရန် အချိန်နီးကပ်နေပြီဖြစ်သည်နှင့်အညီ ပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်အောင် ကျင်းပနိုင်ရေးနှင့် မြန်မာ့အားကစားအသင်း အောင်မြင်ရေးဟူ၍ ဆောင်ရွက်ရန် နှစ်ပိုင်းရှိကြောင်း၊ ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် Champion Challenge Cup ပြိုင်ပွဲ ကျင်းပရခြင်းသည် ထူးချွန်ထက်မြက်၍ အရည်အချင်းရှိသော အားကစားသမားများ ပေါ်ထွက်လာစေရန်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ခံများအနေဖြင့် အားကစားသမားများအား စနစ်တကျရွေးချယ်၍ စံချိန်စံညွှန်းကောင်းမွန်ပြီး အလားအလာရှိသော အားကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားကြရန်နှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ အားကစားဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များဆွတ်ခူးရရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် တာဝန်ရှိသူများအားလုံး စိတ်ဓာတ်အမြင့်ဆုံးထားရှိ၍ အနိုင်ရရှိရေး ကြိုးစားဆောင်ရွက်သွားကြရန်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများအား ခေါ်ယူတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

၂၀၁၂ခုနှစ် ဒုတိယအကြိမ် နေပြည်တော် Champion Challenge Cup ပြိုင်ပွဲကို ဇွန်ဒုတိယပတ်မှ ဇူလိုင် တတိယပတ်အတွင်း လေးသုတ်ခွဲ၍ အားကစားနည်း ၃၂ မျိုး ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## အမှာစကားပြောကြား

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် Champion Challenge Cup ပြိုင်ပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

❑ရှေ့ဖုံးမှ

သတိနဲ့ ဖြတ်တောက်မယ်၊ မီးဆိုတာက လောင်စာနည်းနည်း ရှိရင်တောင်မှ လောင်တတ်တာဖြစ်လို့ လောင်စာတွေကို ရှင်းထုတ်နိုင်ရှင်းထုတ်၊ မရှင်းထုတ်နိုင်ရင် လျှော့ချရမှာဖြစ်ပါတယ်။ ဈေးဆိုတာမျိုးဟာဆိုရင် ပစ္စည်းများကို ရောင်းဝယ်တဲ့နေရာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားတယ်၊ အခုဈေးတွေမှာက ပစ္စည်းရောင်းဝယ်တာတွေတင်မကဘူး၊ ဆိုင်ရဲ့ပတ်ချာလည်မှာရော ဆိုင်ထဲနေရာ တွေမှာပါ ပစ္စည်းတွေကိုသိုလှောင်ထားတဲ့အတွက် ဈေးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ မညီဘဲ သိုလှောင်ရုံတွေလိုပုံစံမျိုးဖြစ်နေပါတယ်။ သိုလှောင်ထားတဲ့ပစ္စည်းတွေဖြစ်တဲ့ စက္ကူတွေ၊ ပလတ်စတစ်တွေ၊ အဝတ်တွေကလည်း လောင်စာတွေပဲ ဖြစ်ပါတယ်။ ဈေးမီးလောင်ရင် လောင်စာများလို့ ဆုံးရှုံးမှုများရတာ ဖြစ်ပါတယ်။ မီးကိုကြိုတင်ကာကွယ်ရေး ဆောင်ရွက်တဲ့နေရာမှာ မီးလောင်နိုင်တဲ့အကြောင်းကို ဖြတ်တောက်ခြင်း၊ အမြန်ဆုံး ငြိမ်းသတ်နိုင်တဲ့ အစီအမံနဲ့ ပစ္စည်းကိရိယာတွေ ထားရှိရမယ်။ ဇာတ်တိုက် လေ့ကျင့်မှုတွေကိုလည်း မကြာမကြာလုပ်ရမယ်။ ဒါမှသာ မီးလောင်တဲ့အခါ ကသောင်းကနင်းနဲ့ အခက်အခဲတွေ ဖြစ်တာမျိုးတွေမရှိနိုင်တော့ဘူး။ ဈေးတွေ၊ စက်ရုံတွေ၊ ဟိုတယ်တွေ၊ မိုတယ်တွေ၊ ကုမ္ပဏီကြီးတွေအနေနဲ့ သီးသန့်မီးသတ်တပ်ဖွဲ့တွေ ထားရှိဖို့ကိုလည်း အကြံပြုချင်ပါတယ်။ နောက်ပြီး မီးလောင်မှုတွေ လျှော့ချနိုင်ဖို့ဆိုရင် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေသာမကဘဲ အခြားသောဌာနဆိုင်ရာနဲ့ ပြည်သူလူထုများလည်း ပါဝင်ဆောင်ရွက်သင့်ပါတယ်” ဟု ရှင်းပြခဲ့သည်။

**ဦးကိုကိုလှိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)**

မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နှင့် မတော်တဆဖြစ်ရပ်များအပါအဝင် အခြားသောဘေးအန္တရာယ်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မိသားစုဝင်များ၏ အသက်အိုးအိမ်စည်းစိမ်သာမက စိတ်ဓာတ်ရေးရာကို ထိပါးစေပြီး လူအဖွဲ့အစည်း၏ နေ့ဥစ္စာနှင့် စွမ်းပကားများနှင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုစွမ်းပကားများကို ဆုံးရှုံးစေနိုင်သည့်အတွက် မီးဘေးကာကွယ်ရေး၊ သဘာဝဘေး အန္တရာယ်များနှင့် အခြားသော ဘေးအန္တရာယ်များကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်မှ ကူညီ၊ ကာကွယ်၊ ကယ်ဆယ်စောင့်ရှောက်ရေး တာဝန်များသည်လည်း ယနေ့အရေးပါသော တာဝန်ဝတ္တရားများဖြစ်ကြောင်း ၎င်းကပြောပြခဲ့သည်။



**“မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေး လုပ်ငန်းများအပြင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေမှာလည်း ပါဝင်ဆောင်ရွက်ရန် အဓိကတာဝန်ရှိပါတယ်”**

*ဦးကိုကိုလှိုင်*
*(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)*



**“မီးလောင်နိုင်တဲ့ အကြောင်းကိုဖြတ်တောက်ခြင်း၊ အမြန်ဆုံး ငြိမ်းသတ်နိုင်တဲ့ အစီအမံနဲ့ ပစ္စည်းကိရိယာတွေ ထားရှိရမယ်”**

*ဦးတင်မိုး*
*(ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)*

“မီးလောင်ရာကိုထွက်လာတဲ့ မီးသတ်ယာဉ်တွေဟာ သတိနဲ့ဆင်ခြင်မောင်းနှင်ရပေမယ့် လမ်းမပေါ်ရှိ ပြည်သူတွေနဲ့ တခြားယာဉ်တွေအနေနဲ့ လမ်းကြောင်းရှင်းလင်းပေးတာတွေ၊ ဝိုင်းအုံကြည့်တာမျိုးတွေမလုပ်ဘဲနဲ့ လမ်းရှင်းလင်းပေးတာဟာလည်း မီးသတ်တပ်ဖွဲ့ကိုတစ်ဖက်တစ်လမ်းမှ အကူအညီပေးရာရောက်စေပါတယ်။ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ်များ လျင်မြန်စွာသွားရောက်ပြီး အနီးကပ်ဝင်ရောက်ငြိမ်းသတ်နိုင်ပါက မီးလောင်မှုကိုအချိန်မီထိန်းသိမ်းနိုင်ပြီး မီးလောင်မှုကြီးအဖြစ်ရောက်ရှိခြင်းမရှိဘဲ မီးလောင်ဆုံးရှုံးစေခြင်းကို အတတ်နိုင်ဆုံးတားဆီးပေးနိုင်မှာဖြစ်ပါတယ်။ မီးသတ်ယာဉ်တစ်စီးမှာ ရေဂါလန် ၈၀၀ မှ ၁၂၀၀ သာ ဝင်ဆံ့နိုင်တဲ့အတွက် မီးလောင်ပြင်မှာ ရေပက်ဖျန်းငြိမ်းသတ်ပါက သုံးမိနစ်မှ လေးမိနစ်အတွင်း ရေကုန်သွားမှာဖြစ်ပြီး ရေရရှိရေးအတွက် အနီးကပ်ဆုံးသဘာဝရေကန်၊ မြစ်ချောင်းများကို သွားရောက်ဖြည့်တင်းရာမှာ နေရာအနီးအဝေးအလိုက် အချိန်ကြာမြင့်တတ်ရာ ရေဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက မိမိတို့ဒေသ၌ တည်ဆောက်ပေးကြဖို့လိုကြောင်း အကြံပြုပြောကြားသွားခဲ့ပါတယ်။”

“ဒီကနေ့မီးသတ်တပ်ဖွဲ့ဟာမီးငြိမ်းသတ်ရေးတာဝန်သာရှိတယ်လို့ အများက ထင်မြင်ယူဆနေကြပေမယ့် အမှန်တကယ်အားဖြင့် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများအပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်း ပါဝင်ဆောင်ရွက်ရန် အဓိကတာဝန်ရှိပါတယ်”ဟုရှင်းလင်းပြောကြားခဲ့သည်။

မီးဘေးရှောင် မလောင်ခင်တားဟူသော စကားရပ်နှင့်အညီ မီးဘေးအန္တရာယ် ကြိုတင်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်တပ်ဖွဲ့ဥပဒေနှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေး၊ စစ်ဆင်ရေးနှင့် အကြံပြုချက်များကို ထုတ်ပြန်ပေးနိုင်ခဲ့သည့်အပြင် ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲများကို ပြည်သူလူထုအတွင်းကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မီးလောင်ပြင်သို့ ချက်ချင်းထွက်ခွာငြိမ်းသတ်နိုင်ရေးတွင်လည်း ဆီအသင့်၊ စက်အသင့်၊ လူအသင့်၊ ရေအသင့် အမြဲရှိနေစေပြီး မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဟူသည့် လုပ်ငန်းလမ်းညွှန်မှုဖြင့် နိုင်ငံတော်၏ အရန်အင်အားဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကိုရှေးရှုလျက် ဝါသနာ၊ စေတနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာ တည်းဟူသော နာငါးနာနှင့်အတူ စွန့်လွှတ်စွန့်စားပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမီးသတ်တပ်ဖွဲ့အသွင်ဖြင့် စက္ကန့်မလပ် တာဝန်ထမ်းဆောင်လျက် ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။



**မီးငြိမ်းသတ်ရန် အသင့်ဖြစ်နေသည့် မီးသတ်ကားများကို ရုံးချုပ်၌ တွေ့ရစဉ်။**

## မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

ခရီးသွားသတင်းမှတ်စု

## သတိပြုဆင်ခြင်စရာလေးတစ်ခု

*ရုံးသို့ (၃၉)ဘတ်စ်ကားစီး၍ လာခဲ့သည်။ စာတိုက်မှတ်တိုင်တွင် အမျိုးသမီး ခပ်ရွယ်ရွယ်တစ်ဦးက ယာဉ်နောက်လိုက်အား ၅၀၀ တန်ပေးထား၍ ၄၀၀ ပြန်အမ်းရန် တောင်းလိုက်သည့် အသံကိုကြားလိုက်ရသည်။ ယာဉ်နောက်လိုက်က ဘယ်ကတက်တာလဲဟုမေးရာ အမျိုးသမီးက တာမွေဈေးကတက်ကြောင်း၊ ပိုက်ဆံပြန်မအမ်းရသေးကြောင်းပြောသဖြင့် ယာဉ်နောက်လိုက်က တာမွေဈေး အတက်တွေအားလုံး အမ်းထားပြီးဖြစ်ကြောင်း၊ အမ်းရန်မကျန်တော့ကြောင်း အော်ကြီးဟစ်ကျယ်ပြောသဖြင့် အမျိုးသမီးက သူ့ကိုလုံးဝမအမ်းရသေးကြောင်း ဘေးက အမျိုးသမီးတစ်ဦးကို သက်သေထူ၍ ပြောနေလေသည်။*

*ယင်းအချိန်တွင် အခြားယာဉ်နောက်လိုက်တစ်ဦးက “ရဲစခန်း မောင်းလိုက်ရမလား၊ အကြောင်းလာမရိုက်နဲ့’ ဟု ထပ်မံ၍ အော်ပြောသံကို ကြားလိုက်ရပြန်သည်။ အမျိုးသမီးကလည်း ခပ်ရှက်ရှက်ပုံစံဖြင့် အသံခပ်တိုးတိုးဖြင့် သူမအားလုံးဝပိုက်ဆံပြန်မအမ်းကြောင်းသာ တွင်တွင်ပြောဆို၍ ကားပေါ်မှဆင်းသွားချိန်အထိ ပြန်အမ်းငွေရရှိသွားသည်ကို မတွေ့လိုက်ရပေ။*

*ပြောချင်သည်မှာ ယင်းကဲ့သို့ဖြစ်စဉ်မျိုး ဘတ်စ်ကားပေါ်တွင် မကြာခဏ မြင်ခဲ့ဖူးသည်။ ကြားခဲ့ဖူးသည်။ ဖြစ်စဉ်အချို့တွင် အမှန်တကယ် ပိုက်ဆံပြန်မအမ်း၍ တောင်းခဲ့သည်များရှိသလို၊ အမှန်တကယ်ပင်မော်တော်ယာဉ်စီးနင်းခမပေးဘဲနှင့် ပေးခဲ့သယောင်ဖြင့် ပိုက်ဆံပြန်တောင်းသည့် ခရီးသည်အချို့ကိုလည်း မြင်ခဲ့ဖူးသည်။ တချို့ယာဉ်နောက်လိုက်များသည် ခရီးသည်က ပိုက်ဆံပေးထားသော်လည်း အမှန်တကယ်ပင်မေ့ချင်ယောင်ဆောင်၍ ပိုက်ဆံပြန်မအမ်းတတ်သော ယာဉ်နောက်လိုက်မျိုးကို တွေ့ဖူးသလို၊ ခရီးသည် အများအပြားနှင့် ဆက်ဆံရ၍ အမှန်တကယ်ပင် မေ့နေသည့်ယာဉ်နောက်လိုက်မျိုးကိုလည်း စာဖတ်သူတို့ တွေ့ဖူးကြပေလိမ့်မည်။*

*မည်သို့ပင် ဆိုစေကာမူ မိမိတို့ မြန်မာပြည်သူပြည်သားအားလုံး ဖော်ပြပါ အသေးအမွှားကိစ္စလေးမျှလောက်ကိုဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန် သစ္စာရှိကြရန်လိုသည်။ သိ၍မှားသော အမှားဖြစ်စေ၊ မသိ၍မှားသော အမှားဖြစ်စေ ယင်းကဲ့သို့သော အမှားမျိုးကား မမှားသင့်သော အမှားမျိုးဖြစ်ပေသည်။ ခရီးသည်အနေဖြင့်လည်း မိမိအမှန်တကယ်ပေးထားသည့် ပိုက်ဆံပြန်မရ၍ အချေအတင်ပြောကြရပါက နှစ်ဦးနှစ်ဖက် အရှက်ရဖွယ်သာ ဖြစ်ပေလိမ့်မည်။*

*ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေသည့် ယနေ့လိုအချိန်မျိုးတွင် ဖော်ပြပါကဲ့သို့ ဖြစ်ရပ်မျိုးသည် လူတစ်ဦးစီ၏ ဂုဏ်သိက္ခာ၊ မိမိလူမျိုး၊ မိမိပတ်ဝန်းကျင်အတွက် အရှက်ရဖွယ်ဖြစ်ရပ်မျိုးဖြစ်၍ သတိပြုဆင်ခြင်သင့်ပါကြောင်း သတိပေးရေးသားလိုက်ရပါသည်။*

**မေနိုင် - စာနယ်ဇင်း**

**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေပိုင်းတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦးအား ပေးအပ်စဉ်။** (၆၈၄)



# အီရန်နျူလက်နက်ပိုင်နိုင်ငံဖြစ်လာမည်ကို လက်မခံနိုင်ဟု ဂျာမနီပြောကြား

ဝါရှင်တန် မေ ၄

**နိုင်ငံတကာအသိုက်အဝန်းသည် အီရန်နိုင်ငံ နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းကို ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဝက်စ်သာဝေါလ်လီက ကြာသပတေးနေ့တွင် အခိုင်အမာပြောကြားလိုက်သည်။**

လက်ရှိဆောင်ရွက်နေသော အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်သည် အစ္စရေးနိုင်ငံတစ်နိုင်ငံလုံးသာမက ဒေသတစ်ခု လုံးအတွက်ပါ အန္တရာယ်အလွန်ကြီးမားလှကြောင်း ဝက်စ်သာ ဝေါလ်လီက ဝါရှင်တန်မြို့အစည်းအဝေးတစ်ခုတွင် ပြောကြား ခဲ့သည်။ အီရန်နိုင်ငံ နျူကလီးယားလက်နက် ပိုင်ဆိုင်လာမည် ကို လက်မခံနိုင်ကြောင်း၊ လက်ခံမည်လည်း မဟုတ်ကြောင်း၊ အီရန်နိုင်ငံက နျူကလီးယားလက်နက်ထုတ်လုပ်ရန် ဆက်လက် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း၊ လုံလောက်သော၊ စိစစ် အတည်ပြုနိုင်သော အာမခံချက်ကို အလိုရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အရပ်ဘက်စွမ်းအင်အစီအစဉ်ကို အကြောင်းပြ၍ အဏု မြူပုံး ထုတ်လုပ်ရန် အီရန်နိုင်ငံကကြိုးစားနေခြင်းကို အနောက် အုပ်စုက စိုးရိမ်ပူပန်လျက်ရှိသည်။ သို့သော် အီရန်အစိုးရက ၎င်းတို့ ၏ အစီအစဉ်သည် ငြိမ်းချမ်းရေး တစ်ခုတည်းအတွက်သာ ဖြစ် သည်ဟု ခုခံပြောကြားထားသည်။

လွန်ခဲ့သည့်လက ကုလသမဂ္ဂ အမြဲတမ်းလုံခြုံရေးကောင်စီ အဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် အငြင်းပွားဖွယ် နျူက လီးယားအစီအစဉ်နှင့် ပတ်သက်၍ အီရန်နိုင်ငံနှင့် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဆွေးနွေးခဲ့ကြသည်။ မေ ၂၃ရက်တွင် လည်းအီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ ထပ်မံဆွေးနွေးကြမည်ဖြစ်သည်။ **အင်တာနက်။**



**အီရန်နိုင်ငံ၏ နျူကလီးယားဓာတ်ပေါင်းဖိုကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# တစ်ကျော့ပြန်ထုတ်လုပ်သုံးစွဲမှု ဆွီဒင်နိုင်ငံ၌ မြင့်တက်လာ

**စတော့ဟုမ်း မေ ၄**

ဆွီဒင်နိုင်ငံ၌ သတ္တုနှင့် သံတိုသံစပေါင်းများကို အရည် ကျိုကာ တစ်ကျော့ပြန်ထုတ်လုပ်သုံးစွဲမှုမြင့်မားလာကြောင်း ဆွီဒင် ဓာတုဗေဒအေဂျင်စီနှင့် ဆွီဒင်စာရင်းအင်းဌာနတို့က ပူးတွဲ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

စွန့်ပစ်ပစ္စည်းဖြစ်သော ကြေးနီဟောင်း တန်ချိန် ၆၀၀၀၀ ခန့်ကို ၂၀၁၀ ပြည့်နှစ်တွင် ပြန်လည်သုံးစွဲခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်က တစ်ကျော့ပြန်ထုတ်လုပ်သုံးစွဲသော ကြေးနီပမာဏမှာ တန်ချိန် ၁၅၀၀၀ခန့်သာရှိခဲ့ကြောင်း ဘေးဥပဒ်ပေးနိုင်သော ဓာတုပစ္စည်းများဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြသည်။

ကြေးနီဟောင်းများကို ပြည်ပမှဝယ်ယူတင်သွင်းမှု များပြား လာခြင်းကြောင့် တစ်ကျော့ပြန်ထုတ်လုပ်သုံးစွဲမှု ပိုမိုမြင့်တက် လာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ပြည်ပမှတင်သွင်းသော သံမဏိဟောင်းပမာဏမှာ ၂၀၀၉ ခုနှစ်တွင် တန်ချိန် ၆၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၁၀ပြည့်နှစ်တွင် တန်ချိန် ၈၀၀၀၀ ခန့်အထိ တိုးလာခဲ့သည်။

ဆွီဒင်နိုင်ငံရှိ စက်မှုလုပ်ငန်းအမျိုးမျိုး၌ ဓာတုပစ္စည်း အများအပြားကို အသုံးပြုကြောင်း၊ရေနံထုတ်ကုန်များနှင့် ဆေးဝါး ထုတ်ကုန်များကို ထုတ်လုပ်သောဓာတုပစ္စည်း စက်မှုလုပ်ငန်း သည် ဓာတုပစ္စည်းအများဆုံးကို အသုံးပြုကြောင်း အစီရင်ခံစာ တွင်ဖော်ပြသည်။ ***ဆင်ဟွာ။***

# စင်ကာပူတွင် တိုက်ခန်းတွဲ၌ မီးလောင်

**စင်ကာပူ မေ ၄**

စင်ကာပူနိုင်ငံရှိ လူနေတိုက်ခန်းတွဲတစ်ခု၌ မီးလောင် ကျွမ်းမှုဖြစ်ပွားရာ လမ်းလျှောက်တတ်ခါစ တစ်နှစ်သားအရွယ် ယောကျာ်းကလေးတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအား မီးလောင် နေသော တိုက်ခန်းတွင်းမှကယ်ဆယ်လိုက်ရကြောင်း စင်ကာပူ မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မေ ၄ရက် နံနက် ၈နာရီ ၁၅မိနစ်ခန့်က ချန်ဂီလမ်းမကြီးရှိ တိုက်ခန်းတွဲ၌ မီးလောင်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ တိုက်ခန်း တွဲတစ်ခုလုံး၌ မည်းနက်သော မီးခိုးလုံးများဖြင့် ဖုံးလွှမ်းသွား ကြောင်း၊ မီးလောင်နေသော တိုက်ခန်းတွဲရှိ ဒုတိယနှင့် တတိယ ထပ်တွင် နေထိုင်သူများအနက် တစ်နှစ်သားကလေးငယ်နှင့် အသက် ၅၀နှစ်နှင့် ၂၀နှစ်ရှိ အမျိုးသမီးတို့ကို မြို့ပြကာကွယ် ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

မီးဖိုချောင်တစ်ခုတွင်လောင်ကျွမ်းခဲ့သော အဆိုပါ မီးဘေး ကို မီးသတ်သမားများက ၁၅မိနစ်ကြာအောင် ငြိမ်းသတ်ခဲ့ရသည် ဟု ဆိုသည်။

ကယ်တင်ပေးခဲ့ရသော အမျိုးသမီးနှစ်ဦးအား စင်ကာပူ အထွေထွေဆေးရုံကြီးသို့ ပို့ဆောင်ပေးလိုက်ကာ ကလေးငယ် အား ကန်ဒန်းကားဘော အမျိုးသမီးနှင့် ကလေးဆေးရုံသို့ ပို့ဆောင်ပေးလိုက်သည်ဟုသိရသည်။

မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက် ရှိသည်။ **အင်တာနက်။**



**ဩစတြေးလျနိုင်ငံမှ စားသောက်ကုန်စက်ရုံတစ်ရုံကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အာရှတိုက်အတွက် စားနပ်ရိက္ခာထောက်ပံ့ပေးမည့် နိုင်ငံအဖြစ် ဩစတြေးလျ ရပ်တည်လာနိုင်

**ဆစ်ဒနီ မေ ၄**

ဩစတြေးလျနိုင်ငံသည် အာရှတိုက်အတွက် စားနပ် ရိက္ခာ ထောက်ပံ့ပေးနိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည် လာမည့်အလားအလာရှိကြောင်း မဲလ်ဘုန်းမြို့၌ကျင်းပသော ကမ္ဘာ့ဖောင်ဒေးရှင်းအဖွဲ့၏ ဆွေးနွေးပွဲ၌ ဝန်ကြီးချုပ် ဂျူလီယာ ဂီးလတ်က မေ ၃ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် ဓာတ်သတ္တုတူးဖော်ထုတ်လုပ် ခြင်းနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝခြင်းတို့မှတစ်ဆင့် စီးပွားရေးကိုမြှင့်တင်လျက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံသည် အရည်အသွေးမြင့်မားသော စားနပ်ရိက္ခာကို ထုတ်လုပ်နိုင်စွမ်းရှိ ကြောင်း ၎င်းကပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် ကျယ်ပြန့်လာသော နိုင်ငံတကာ ဈေးကွက်များသို့ အရည်အသွေးမြင့် စားနပ်ရိက္ခာထုတ်ကုန်များ တိုးမြှင့်တင်ပို့သွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး ချုပ်က ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် တရုတ်နိုင်ငံနှင့် လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ် သွားလိုကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ် လူ ၂၀ ထက်မနည်းသေဆုံးပြီး ၄၂ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် မေ ၄**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုများနေ ထိုင်ရာဒေသတစ်ခုဖြစ်သော ဘာဂ္ဂါတွင် ဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်လေးဦးအပါအဝင် လူ ၂၀ ထက်မနည်းသေဆုံးပြီး ၄၂ ဦးဒဏ်ရာရရှိကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြ သည်။

မေ ၄ ရက်က ဘာဂ္ဂါဒေသ၏ အဓိကမြို့ဖြစ်သော ခါးမှ လုံခြုံရေးစစ်ဆေးရေးဂိတ်အနီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကားကို ဗုံးခွဲသမားတစ်ဦးက ဗုံးဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် မျိုးနွယ်စုဒေသရှိ ရဲတပ်ဖွဲ့ဝင်များ အား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ် များက ပြောကြားသည်။

ဘာဂ္ဂါဒေသသည် ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် တာလီ ဘန်စစ်သွေးကြွများအကြား ပြင်းထန်သော တိုက်ပွဲများဖြစ်ပွား လေ့ရှိသည့် နေရာတစ်ခုဖြစ်သည်။ မေ ၃ ရက်က ယင်းဒေသ တွင် ဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ရသည်။

**ဗုံးခွဲတိုက်ခိုက်မှုတိုး**

ပါကစ္စတန်တွင် တာလီဘန်စစ်သွေးကြွအုပ်စု၏ ဗုံးခွဲတိုက် ခိုက်မှုများ ပိုမိုတိုးလာသဖြင့် အရပ်သားသေဆုံးမှုများ မကြာခဏ ကြုံတွေ့နေရသည်။ တာလီဘန်များသည် လုံခြုံရေးတပ်ဖွဲ့ဝင် များအား ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်လျက်ရှိပြီး အစိုးရ အား ဖြုတ်ချရန်လည်း ကြံစည်ကြိုးပမ်းလျက်ရှိသည်။

၂၀၀၁ ခုနှစ်ကတည်းက ယနေ့အချိန်အထိ ပါကစ္စတန် ပြည်သူ ၃၅၀၀၀ ကျော်သည် စစ်သွေးကြွများကြောင့် အသက် ဆုံးရှုံးခဲ့ရသည်။ ***အင်တာနက်။***

# တက္ကသိုလ်ဘွဲ့ရရှိသူ (၉၇)နှစ်အဘိုးအိုကို ဂင်းနစ်မှတ်တမ်းတင်ရန် လျာထား

**ဆစ်ဒနီ မေ ၄**

အသက် ၉၇နှစ်ရှိ ဩစတြေးလျအမျိုးသားတစ်ဦးကို ကမ္ဘာတွင် အသက်အကြီးဆုံး တက္ကသိုလ်ဘွဲ့ရရှိသူအဖြစ် ကမ္ဘာ့ မှတ်တမ်းတင်ရန် လျာထားသည်ဟု မေ ၄ ရက်သတင်းတစ်ပုဒ် တွင် ဖော်ပြထားသည်။

နယူးဆောက်ဝေးလ်(အင်န်အက်စ်ဒဗလျူ) ပြည်နယ် တီးဂါ ဒင်းမှ အလန်စတီးဝပ်သည် ဆောင်တင်းခရော့ တက္ကသိုလ်မှ ဆေးပညာသိပ္ပံမဟာဘွဲ့ကို မေ ၄ရက်တွင် ရရှိမည်ဖြစ်ကြောင်း၊ သို့အတွက် ၎င်းသည် ကမ္ဘာ့အသက်အကြီးဆုံး တက္ကသိုလ်ဘွဲ့ရ ရှိသူဖြစ်လာမည်ဖြစ်ကြောင်း ဩစတြေးလျ အသံလွှင့်ဌာန (အေဘီစီ)က သတင်းထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ။**



# အာဖရိကသမဂ္ဂ၏လမ်းပြမြေပုံ ဆူဒန်သဘောတူ

အဒစ်ဘာဘာ မေ ၄

**တောင်ဆူဒန်နိုင်ငံနှင့် အပြင်းအထန် တိုက်ခိုက်ရမည့် စစ်ပွဲကြီးတစ်ပွဲဖြစ်ပွားမည့် အရေးမှ ရှောင်လွှဲရန်အတွက် အာဖရိက သမဂ္ဂ(အေယူ)၏ လမ်းပြမြေပုံကို ဆူဒန်နိုင်ငံက မေ ၃ ရက်တွင် ထောက်ခံလိုက်သည်။**

သို့သော် ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်သည့် အခွင့်အရေးကိုမူ ရယူရမည်ဟု အလေးအနက်ပြောကြားခဲ့သည်။

အချက်ခုနစ်ချက်ပါ လမ်းပြမြေပုံကိုအခြေခံ၍ ၎င်းတို့ နှစ်နိုင်ငံသည် လာမည့် မေ ၈ ရက်မတိုင်မီ ရပ်တန့်နေသော ဆွေးနွေးပွဲကို ပြန်လည်စတင်ရမည်ဖြစ်သည်။

နှစ်နိုင်ငံအကြား နယ်စပ်ပြဿနာ၊ နိုင်ငံသားကိစ္စနှင့် ရေနံအခွန်တော်ငွေများ ခွဲဝေရေးတို့ကို ပြန်လည်ဆွေးနွေးကြ စေရန် အေယူက ကြိုးစားလျက်ရှိသည်။

ဆူဒန်နှစ်နိုင်ငံတို့သည် အကြမ်းဖက်တိုက်ခိုက်မှုများကို ရပ်တန့်ခြင်းမပြုလျှင်နှင့် ဆွေးနွေးပွဲ စားပွဲဝိုင်းသို့ ပြန်လည် မသွားခဲ့ကြလျှင် စစ်ရေးမပါသောအရေးယူမှုများပြုလုပ်မည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက မေ ၂ ရက် တွင် တစ်ခဲနက် အတည်ပြုခဲ့သည်။

အာဖရိကသမဂ္ဂ၏ အစီအစဉ်နှင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှစ်ခုစလုံးကို လက်ခံကြောင်း ဆူဒန်နိုင်ငံခြားရေး ဝန်ကြီးဌာနက မေ ၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ သည်။

ယင်းဆူဒန်ကြေညာချက်တွင် ပဋိပက္ခများ ဆက်လက်ဖြစ် ပေါ်နိုင်ဖွယ်ရာရှိကြောင်းကိုလည်း သွယ်ဝိုက် ရည်ညွှန်းထား သည်။

***အင်တာနက်။***



**ဆူဒန်တပ်ဖွဲ့များကို အငြင်းပွားရာဒေသ၌ တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ-တွံတေးလမ်း၊ တွံတေး-ကော့မှူး-လမ်းနှင့် ကော့မှူး-ထမ္မနိုင်-ဝါးဘလောက်သောက်-သမင်ခြံ-သရက်တောလမ်းအား ရာသီမရွေး သွားလာနိုင်ရန် ဆောင်ရွက်နေမှုများ၊ မဝန်းကျေးရွာအနီးရှိ မိုင်တိုင်(၆/၅)တံတားပြင်ဆင်ပြီးစီးမှု၊ ထန်းတပင်တံတား၊ တော်ပြာတံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သမင်ခြံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် တည်ဆောက်နေမှု၊ သောက်သုံးရေရရှိရေးအတွက် ရေကန်တူးဖော်ထားမှု၊ သမင်ခြံချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုနှင့် သရက်တောတံတား တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တံတားနှင့်လမ်းများ ရေရှည်တည်တံ့ရေးအတွက် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးဘရွှေအား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် မေ ၄**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.S. Seshadri သည် မေ ၂ ရက် ညနေ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပညာရေးဆိုင်ရာ အခြေခံပညာအဆင့်ပြီးဆုံးမှုနှင့် တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်သည့် အစီအစဉ်များ၊ ရန်ကုန်တက္ကသိုလ်နှင့် ကိုးလ်ကတ္တားတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ-အိန္ဒိယနှစ်နိုင်ငံလေကြောင်းပို့ဆောင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို မေ ၃ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ညှိနှိုင်းဆွေးနွေးပွဲ၏ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ခေါင်းဆောင်ပြီး အိန္ဒိယကိုယ်စားလှယ်အဖွဲ့ကို Mr. Prashant Sukul (Joint Secretary) Ministry of Civil Aviation, India က ခေါင်းဆောင်၍ နှစ်နိုင်ငံ မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ နှစ်ဖက်လေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဤညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကြား လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသောကြောင့် နှစ်နိုင်ငံကြား ၁၉၇၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော လေကြောင်းသဘောတူစာချုပ်ကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရန်လိုအပ်ပြီး လေကြောင်းသဘောတူစာချုပ် အသစ်ချုပ်ဆိုရန် လိုအပ်ခြင်းနှင့် နှစ်နိုင်ငံမှ လေကြောင်းလိုင်းများ ယခင်ထက်ပိုမို၍ ပျံသန်းခွင့်များ ရရှိခံစားစေနိုင်ရန်အတွက် ဖြစ်သည်။

ညှိနှိုင်းဆွေးနွေးပွဲ၏ ရလဒ်များကို သဘောတူညီမှုမှတ်တမ်းတစ်ရပ် လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။**(အောက်ပုံ)** သဘောတူညီမှုမှတ်တမ်းတွင် နှစ်နိုင်ငံမှ သတ်မှတ်လေကြောင်းလိုင်းများ ပျံသန်းနိုင်ခွင့်ရှိသည့် ခရီးစဉ်ဇယား၊ ပျံသန်းနိုင်ခွင့်ရှိသည့် ကြိမ်ရေများကို သဘောတူခြင်းနှင့် အိန္ဒိယကိုယ်စားလှယ်ဘက်မှ အဆိုပြုသော မြန်မာ-အိန္ဒိယနှစ်နိုင်ငံ လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ်မူကြမ်းတွင်ပါရှိသည့် နှစ်ဖက်ညှိနှိုင်းသဘောတူသည့် အပိုဒ်များကို မှတ်တမ်းတင်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံမှ အိန္ဒိယလေကြောင်းလိုင်း (Indian Airlines) သည် Kolkata-Yangon- Gaya- Yangon-Kolkata ခရီးစဉ်ကို A-319 လေယာဉ်ဖြင့် တစ်ပတ်နှစ်ကြိမ် ပျံသန်းလျက်ရှိပြီး မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းသည် Yangon- Gaya- Yangon ခရီးစဉ်ကို A-320 လေယာဉ်ဖြင့်တစ်ပတ် သုံးကြိမ် ပျံသန်းလျက်ရှိသည်။ ယခု သဘောတူညီမှုအသစ်ကြောင့် နှစ်နိုင်ငံမှ လေကြောင်းလိုင်းများသည် ပိုမိုလွတ်လပ်စွာ ပျံသန်းခွင့်များ ရရှိလာနိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**မေ ၄ ရက်က စည်သူဗိုလ်ကလေးတင့်အောင် နှစ်(၉၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးသရုပ်ဖော်နှင့် ပဒေသာကပွဲကြီး စာနယ်ဇင်းရှင်းလင်းပွဲတွင် စည်သူဗိုလ်ကလေးတင့်အောင် ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

# အောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဖျာပုံမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် ဘော်လခဲမြို့တွင် သုည ဒသမ ၇၅ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

# စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်၍ တံတားဖြတ်သန်းခကောက်ခံခွင့်ရုပ်သိမ်း

**နေပြည်တော် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ သာမန်တံတား(ဃ)အဆင့် ၂၆၉ ပေ၊ ကျောက်ချောင်းကြီးတံတားအား လေလံမဲစနစ်အောင်မြင်သူ ဦးကျော်နုသည် စာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရ၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို ၂၀၁၂ခုနှစ် မေ ၁ ရက်မှစ၍ ရုပ်သိမ်းလိုက်သည်။

၂၀-၃-၂၀၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား အသုံးပြုခကောက်ခံရေးဂိတ်စခန်း ၃၄ ဂိတ်ကို လေလံတင်ခဲ့ရာ ကျောက်ချောင်းကြီးတံတား(သာမန်)အတွက် ဦးကျော်နု၊ အမှတ်(၂၁) တရုတ်စု၊ ကန်ဇွန်းခင်း(၂) ရပ်ကွက် ကမာရွတ်နေသူသည် ငွေကျပ် ၇၇ ဒသမ ၇၂ သိန်းဖြင့် မဲစနစ်လေလံအောင်မြင်ပြီး လုပ်ကိုင်ခွင့်ရရှိသူဖြစ်သည်။

ဦးကျော်နုသည် စာချုပ်ပါစည်းကမ်းချက်အရ သာမန်တံတား(ဃ)အဆင့် ကျောက်ချောင်းကြီးတံတား အသုံးပြုခကို ဟိုင်းလပ်ယာဉ်တစ်စီးလျှင် ငွေကျပ် ၂၀၀ ကောက်ခံရမည့်အစား ငွေကျပ် ၄၀၀၊ လိုက်ထရပ်ယာဉ်တစ်စီးလျှင် ငွေကျပ် ၂၀၀ ကောက်ခံရမည့်အစား ငွေကျပ် ၄၀၀ နှင့် ဟီးနိုး(ခရီးသည်တင်) တစ်စီးလျှင် ငွေကျပ် ၄၀၀ ကောက်ခံရမည့်အစား ငွေကျပ် ၅၀၀ ကောက်ခံနေကြောင်း စိစစ်တွေ့ရှိရသဖြင့် လေလံလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး ဒုတိယလေလံအောင်မြင်သူ ဦးချမ်းမြေ့အောင် [၁၄/ကပန(နိုင်)၁၃၈၄၁၂] အမှတ်(၉)အောင်ဆန်းရပ် ကျုံပျော်မြို့သို့ ၁-၅-၂၀၁၂ ရက်မှစ၍ ကျောက်ချောင်းကြီးတံတားဖြတ်သန်းခကောက်ခံခွင့် လွှဲပြောင်းပေးအပ်လိုက်သည်။

လမ်း/တံတား ဖြတ်သန်းခ လုပ်ကိုင်ခွင့်ရရှိသူများသည် စာချုပ်ပါ ကောက်ခံနှုန်းထားထက် ပိုမိုကောက်ခံပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အနောက်တိုင်းစားသောက်မှုပုံစံကျင့်သုံးမှုမြင့်မားလာခြင်းကြောင့် ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဆန်စားသုံးမှုကျဆင်းလာ

**တိုကျို မေ ၄**

ဆန်သည် ဂျပန်ပြည်သူတို့၏ နေ့စဉ်စားသောက်မှုပုံစံ၌ အဓိက အာဟာရအဖြစ် နှစ်ပေါင်းထောင်နှင့်ချီ၍ ပါဝင်ခဲ့သကဲ့သို့ ဂျပန်အမျိုးသားများနှင့် သဘာဝတရားအကြား ဆက်နွှယ်မှု၏ သင်္ကေတတစ်ရပ်လည်းဖြစ်ခဲ့သည်။

သို့ရာတွင် ယနေ့အချိန်၌ ဂျပန်ပြည်သူများအကြား ဥရောပပုံစံ ပေါင်မုန့်စားသုံးမှုမြင့်မားလာခြင်းကြောင့် တစ်မျိုးသားလုံး ခုံမင်နှစ်ခြိုက်စွာ စားသုံးခဲ့ဖူးသော ဆန်သည် အရေးပါမှု ကျဆင်းလာပုံရှိကြောင်း မေ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သော နှစ်အတွင်း ဂျပန်မိသားစုများအကြား ပေါင်မုန့်ဝယ်ယူစားသုံးမှုသည် ဆန်ဝယ်ယူစားသုံးမှုထက် ပိုမိုမြင့်မားလာသည်အား ပထမဆုံးအကြိမ် လေ့လာတွေ့ရှိခဲ့ရာ ဂျပန်အမျိုးသားများအကြား နေ့စဉ်စားသောက်မှုပုံစံ အကြီးအကျယ်ပြောင်းလဲလာမှုကို ဖော်ညွှန်းလျက်ရှိကြောင်းသိရသည်။

၂၀၁၁ ခုနှစ်အတွင်း ဂျပန်မိသားစု တစ်စုလျှင် ပျမ်းမျှအားဖြင့် ဆန်ဝယ်ယူ စားသုံးမှုတန်ဖိုး ၂၁၄ ပေါင်စတာလင်ရှိခဲ့ရာ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

သို့ရာတွင် ယင်းနှစ်အတွင်း ဂျပန်မိသားစုတစ်စု၏ ပေါင်မုန့်ဝယ်ယူစားသုံးမှုတန်ဖိုးမှာ ပျမ်းမျှအားဖြင့် ၂၁၈ ပေါင်စတာလင်ရှိခဲ့ရာ သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ လေ့လာချက်များအားကိုးကား၍ နစ်ကိုင်းသတင်းစာက ဖော်ပြခဲ့သည်။

ဂျပန်ရိုးရာ ဆန်နှင့် ငါး စားသောက်ဖွယ်ရာများသည် ဂျပန်အမျိုးသားများ ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေရခြင်း၏ အဓိကအကြောင်းတရားအဖြစ် ကာလကြာမြင့်စွာကပင် လက်ခံသိရှိထားပြီး ဖြစ်သည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံ၌ အနောက်တိုင်းအစဉ်အလာများ ပိုမိုကျင့်သုံးလာမှုကြောင့် ဂျပန်ပြည်သူများအကြားတွင်လည်း စားသောက်မှုပုံစံအပြောင်းအလဲများရှိလာသည်ကို တွေ့ရကြောင်း နစ်ကိုင်းသတင်းစာက ဖော်ပြသည်။



***ဂျပန်ပြည်သူများ၏ နေ့စဉ်စားသောက်မှုပုံစံ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောဆန်ကို ဂျပန်မိသားစုများကိုယ်တိုင် ဤသို့ စိုက်ပျိုးကြသည်။***

ဂျပန်အမျိုးသားများအကြား ဆန်စားသုံးမှု ကျဆင်းလာပုံရှိခြင်းသည် ၂၀၁၁ ခုနှစ် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားကပ်ဘေးဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ပြည်တွင်းထုတ် စားသောက်ကုန်များ၏ လုံခြုံမှုအပေါ် စိတ်ချယုံကြည်မှု ကင်းမဲ့လာခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ လေ့လာချက်တွင် သုံးသပ်ထားသည်။

ဖူကူရှီးမား နျူကလီးယားကပ်ဘေး ဖြစ်ပွားပြီးနောက် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည် အန္တရာယ်ကြောင့် ဂျပန်နိုင်ငံဒေသအများအပြား၌ ဆန်တင်ပို့မှုကို ပိတ်ပင်ထားခဲ့သည်။

***အင်တာနက်။***

# ပွဲခါညောင်ရေ သွန်းမြဲပေတည့်

ခါလည်လုလု၊ ရတုသစ်သစ်
သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း
ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍
ရွက်ကြောနုလုန်၊ ရွက်သစ်ပြန်တည့်
ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်
မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး
မင်းလွှင်မြူးလျက်၊
တန်ခူးလည်းကုန်၊ လကဆုန်သည်
ပဋ္ဌုန်ရိုက်မြည် ချုန်းချုန်းတည်း။ ။

**ရှင်အဂ္ဂသမာဓိ**

ကဆုန်လတွင် လေပြည်လေညင်းများ တဖြူးဖြူးတိုက်ခတ်သည်။ တိုက်ခတ်သော လေပြည်လေညင်းများနှင့်အတူ ရော်ရွက်ဝါများ ပါလာတတ်သည်။ ရွက်ဟောင်းများနေရာတွင် ရွက်သစ်ရွက်နုကလေးများ ဖူးပွင့်ဝေဆာနေတော့သည်။ ယင်းကာလတွင် မြေသင်းနံ့ကလေးများနှင့်အတူ မင်းလွင်မြူခိုးတို့ တပျံ့ပျူးပျူးရှိတတ်သည်။ "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့" ဟူသော တောင်သူကြီးများ၏ စကားမှတ်တမ်းအတိုင်းဖြစ်ပေါ်လေ့ ရှိသည်။ တန်ခူးကုန်ပျောက်၊ ကဆုန်သို့ရောက်ချေပြီ။ မိုးမင်းကို အမွှံကြ မာန်ဟုန်တော်ပျိုးကာ ရိုက်မြည်ထစ်ချုန်းလာချေ၏။

ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မအလယ်တွင်ကျသဖြင့် အလွန်ပူပြင်းသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဟူသော စကားအတိုင်း ပုံမှန်ငြိမ်သက်၍ မနေနိုင်ဘဲ ဆွေ့ဆွေ့ခုန်နေရလုမတတ် အပူရှိန်က လွန်ကဲလေသည်။ ထို့ကြောင့် မဟာအတုလမင်းကြီးက "နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန်တေဇာကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး"ဟု စာဖွဲ့ခဲ့သည်။

ထို့အတူပင် ရတနာပုံခေတ် စာဆိုအကျော် ဦးကြော့ကလည်း "တော်ကဆုန်" ဟု အမည်ပေးကာ ကဆုန်လဘွဲ့ကို ဖွဲ့နွဲ့ခဲ့သည်။

- ❖ ဟေမာန် နွေလှန်လို့ တုံ့ပြန်တော့၊ ဆွေသဟံဝေယန်အုံ့ဆီက၊ လေပြန်လှုံ့ဆော်ခဲ့ပြီ။
- ❖ ပင်ပေါ်ထက်၊ ရော်ရွက်ဝါထိန်ဝေနှင့်၊ ခါဂိမ္မေသည်တစ်ခေတ်တွင်မှ၊ ညှာလိမ်ကြွေတစ်မည်သစ်မည်ကြောင့်၊ အသစ်တွေထွေကာစုပါလို့၊ ပုရစ်ခွေတမာနုမှာကွယ်၊ ကျေးဥစီစီ။
- ❖ ခင်တန်းလျှိုသပြေပင်က၊ ရွှေသဇင်သုတ်လေနှောပြန်တော့၊ နေဝင်လျှင်ဘုတ်တွေရောပါလို့၊ အုတ်ရွှေသြရယ်က တွန်သံချို၊ ဌာနီနှင့်ကွာဝေး။
- ❖ ဖန်ခါခါ၊ လဗီရာစည်ငို့ကြွှိုပေမို့၊ ဝသန်မှာ ဆည်မချိုပြီဘူး၊ ပူမိသည်။ မှော်ရဂုံက၊ တော်ကဆုန်ညောင်ရေသွန်းချိန်မို့၊ ဖော်မစုံအောင်မြေကွန်းဆီသို့၊ လွမ်းလိုက်လှသေး။ ။

ကဆုန်ဟု ယခုရေးသားခေါ်ဝေါ်နေသောလအမည်ကို ပုဂံခေတ်ကျောက်စာများတွင် ကုဆုန်ဟု အရေးများသည်။ ကုနှင့်ကတ်အနက်သည် ရေဖြစ်၍ ဆုန်၏အနက်မှာ သွန်းလောင်းသည်ဟု ဖြစ်သောကြောင့် ကဆုန်လကို ရေသွန်းလောင်းသောလဟု ကောက်ယူရာသည်။ ကုဆုန်၊ ကဆုန်ဟူသော လ၏အခေါ်မှာ အလွန်ရှေးကျသည်ကိုထောက်၍ မြန်မာနိုင်ငံသို့ သာသနာရောက်သည့်အချိန်မှစ၍ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းဓလေ့သည် တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့ဟန်တူလေသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု ဆိုခဲ့ကြသကဲ့သို့ နေ၏အပူရှိန်ကြောင့် ရေများပင် ခန်းခြောက်လေ့ရှိသောကြောင့် မြတ်စွာဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကို ရည်မှန်း၍ ဗောဓိပင်အပွားတော်များကို တပျော်တပါး ရေသွန်းလောင်းကာ ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပကြသည်။

ကဆုန်လကား တော်ဝင်သောလဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓသာသနာဝင်၊ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီးဖြစ်သောကြောင့်ပေတည်း။

"ဖွားမြင်၊ ပွင့်၊ စံ၊ ဗျာဒိတ်ခံ၊ နိဗ္ဗာန်ကြွတော်မူ၊

## ပန်းတောင်းသန်းကြွယ်

ကဆုန်လပြည့်၊ ဗုဒ္ဓနေ့၊ မမေ့မှတ်ကာယူ" ဟူသည့်အတိုင်း

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခြင်း။

၂။ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း။

၃။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခြင်း။

၄။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတည်းဟူသော ထိုနေ့၏ ထူးခြားချက် ဂုဏ်ထူးဝိသေသများဖြင့် ထုံမွမ်းလျက်ရှိလေသည်။

ထိုကဲ့သို့ ဘုရားရှင်၏ ဖြစ်တော်စဉ်တွင် ထူးခြားမှတ်သားထိုက်သော ဤကဆုန်လပြည့်နေ့အား ဘုရားနေ့ သို့မဟုတ် မြတ်ဗုဒ္ဓအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က အထွတ်အမြတ်ထားကြသည်။ ဂေါတမဘုရားရှင်သည် ဤနေ့ ဤအခါ၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန် အားထုတ်ရာတွင် အမှီပြုတော်မူသော ဗောဓိပင်အား ရေစင်သွန်းလောင်းခြင်းပြု၍ ဘုရားရှင်အား ရည်စူးပူဇော်ကြသည်။

ဗောဓိပင်ဆိုသည်မှာ မြတ်စွာဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်သည်။ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ ပွင့်တော်မူရာ သစ်ပင်များမှာ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်သည်။ မည်သည့်အပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော နာမည်ထူးကို ရလေသည်။ နောင်ပွင့်လတ္တံ့သော အရိမေတ္တယျဘုရားရှင်လက်ထက်တွင် ကံ့ကော်ပင်၌ ပွင့်မည်ဟုဆိုလေရာ ထိုခေတ်ထိုအခါတွင် ကံ့ကော်ပင်သည် ဗောဓိပင်အမည် တွင်ပေလိမ့်မည်။

ဗုဒ္ဓဘာသာဓလေ့ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကျင်းပကြခြင်းသည် နှစ်ဦးအစ ကဆုန်လတွင် လာလတ္တံ့သော တစ်နှစ်ပတ်လုံးဘေးရန်ကင်း၍ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ရည်သန်လျက် ကုသိုလ်ကောင်းမှုပြုကြခြင်းပင်ဖြစ်သည်။ ညောင်ပင်သည် လူတို့စိတ်တွင် အခြားအပင်တို့ထက် ပို၍ထူးကဲသော သဘောရှိသည်။ ထို့ကြောင့် ဘုရားမပွင့်မီ ရှေးပဝေသဏီကပင် ကဆုန်လပြည့်နေ့၌ ညောင်ပင်မှာ ရေသွန်းလောင်းပြီး ပူဇော်ပသပွဲကျင်းပခဲ့ကြသည်။ ညောင်ပင်စောင့်ရုက္ခစိုးနတ်ကို ပူဇော်ပသပြီး ဆုတောင်းကြခြင်း ဖြစ်သည်။ ဘုရားရှင်ပွင့်တော်မူလာပြီးနောက် နတ်ကို ပူဇော်ခြင်းမှ ဘုရားကို ပူဇော်ခြင်းသို့ ပြောင်းလဲ၍ ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းခဲ့ကြလေသည်။

"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊ လပြည့်ကြုံ" ဟူသောစကားစဉ်သည် ဂေါတမဘုရားရှင်သာလျှင် ဤလ၊ ဤရာသီတွင် ဖွားမြင်ခြင်း၊ ဘုရားအဖြစ်ကို ရတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပါ။ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည်လည်း ဖွားတော်မူသောလ၊ ဘုရားအဖြစ် ပွင့်တော်မူသောလ၊ ပရိနိဗ္ဗာန်ပြုတော်မူကြသောလပင် ဖြစ်သည်။ မြတ်စွာဘုရားတို့၏ ထူးမြတ်သော အချက်လက္ခဏာများသည် ဤကဆုန်လပြည့်နေ့၌ ထပ်တူဖြစ်ကြလေသည်။

ထိုကြောင့် ထူးခြားမွန်မြတ်လှသော ကဆုန်လပြည့်မြတ်ဗုဒ္ဓအခါတော်နေ့တွင် အစဉ်အလာကြီးမားသည့် ညောင်ရေသွန်းပွဲတော်များကျင်းပကာ အောင်ရာအောင်ကြောင်း၊ ကောင်းကျိုးချမ်းသာများ ကြီးပွားတိုးတက်စေရန်၊ ရရှိခံစားနိုင်ကြစေရန် ဆုတောင်းဆုယူပြုကြသည့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်မှာ နှစ်မြိုက်မြတ်နိုးဖွယ်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

## ကဆုန်လပြည့် - ဗုဒ္ဓနေ့

❊ ယုန်စန်းနွေလ စန္ဒရနှင့်
ပုဏ္ဏတာရာ ကြယ်ဝိသာတို့
အာကာဝေဟင် သန့်စင်ထွန်းပ
နွေကာလခါ စံကားဝါပွင့်
တမာလည်းနု ကျေးလည်းဥသည့်
ရတုသာစွ ကဆုန်လမှာ
"ဗျာဒိတ်ဖွားမြင်" ဘုရားရှင်၏
"စံဝင်နိဗ္ဗာန်" ချိန်ခါတည်း။

❊ ဒီပင်္ကရာ မြတ်စွာဘုရား
ဟောမြွက်ကြားသည့် ဘုရားစင်စစ်
ဧကန်ဖြစ်မှာ "ဗျာဒိတ်"စကား
နာကြားခံရ ထိုမှဆက်ကာ
မယ်တော်မာယာ မိဝမ်းကြာမှ
မွေးကာ"ဖွားမြင်" ဘုရားရှင်ဖြစ်
ရှစ်ဆယ်စေ့မြောက် သက်တော်ရောက်ခါ
ဗုဒ္ဓါမြတ်ရှင် "နိဗ္ဗာန်ဝင်"သည့်
လပြည့်ကဆုန်ရက်ခါတည်း။

❊ ကဆုန်နွေလ ပြည့်ကာလဝယ်
လောကထွတ်ထား ဘုရားသခင်
ရွှေပလ္လင်ကို အောင်မြင်တိဟိတ်
အောင်နိမိတ်ဆောင် အောင်စိတ်ရည်ကာ
ပတ်လည်ညာကြွေ ညောင်ဗုဒ္ဓဟေကို
ရိုသေသဒ္ဓါ ကြည်လင်စွာဖြင့်
ပွဲခါညောင်ရေ ဖြိုးစွေသွန်းကာ
မြန်မာရိုးရာ စဉ်အလာနှင့်
ဘာသာအကျိုး မညှိုးစေအောင်
သယ်ပိုးဆောင်ကြစေရာတည်း။ ။

**ဖိုးရန်နိုင် (ကျောက်ကြီး)**

## (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**နေပြည်တော် မေ ၄**

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင် မီးသတ်ဦးစီးအရာရှိ ရဲဗလဦးစောထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀ ကျော်သည် မေ ၂ ရက် နံနက် ၇ နာရီခွဲတွင် သထုံမြို့ ရွှေစာရံ စေတီတော်ဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ကမ္ဘာလှည့်ခရီးသွားများအတွက် ကန့်သတ်နယ်မြေများအား ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိ

**နေပြည်တော် မေ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေလွယ်ကူစွာ သွားလာလည်ပတ်နိုင်စေရေးအတွက် ကန့်သတ်နယ်မြေများအား ဖြေလျှော့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများ၏ လုံခြုံရေးအတွက် ကန့်သတ်နယ်မြေများကို ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၉၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ထပ်မံပြင်ဆင်ဖြည့်စွက် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသသစ်များ ပိုမိုလိုအပ်လာသဖြင့် ယခင်ပြည်ထဲရေးဝန်ကြီးဌာန၏ နယ်မြေကန့်သတ်ချက်တွင် ဖော်ပြထားခြင်းမရှိသော ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်မြေအချို့အား ခရီးစဉ်သစ်များအဖြစ် ဖော်ထုတ်၍ ကြိုတင်ခွင့်ပြုချက်ဖြင့် သွားလာခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားကုမ္ပဏီများ၏ ကန့်သတ်နယ်မြေခရီးစဉ် ကြိုတင်လျှောက်ထားမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး သတ်မှတ်စာရွက်စာတမ်းများ ပြည့်စုံပါက ခရီးစဉ်ခွင့်ပြုမိန့် အမြန်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရီးသွားကုမ္ပဏီများအနေဖြင့် အဆိုပါကန့်သတ်နယ်မြေခရီးစဉ် ကြိုတင်လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ အသေးစိတ်သိလိုပါက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန www. myanmar tourism.org Website ရှိ Latest News တွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၆၀၆၀နှင့် ၀၆၇-၄၀၆၄၆၆ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံအတွင်းတစ်နေရာ၌ စိတ်ဝင်တစား လေ့လာနေကြစဉ်။**

(ဟိုတယ်/ခရီး)

## လယ်ဝေးမြို့နယ် သာယာကြီးကျေးရွာနှင့် ကြို့ဇလုပ်ကျေးရွာတို့၌ အင်ဂျင်မီးစက်ဖြင့် လျှပ်စစ်မီးရရှိ

**နေပြည်တော် မေ ၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြောင်ခေါင်းကြီး ကျေးရွာအုပ်စု သာယာကြီးကျေးရွာနှင့် ကြို့ဇလုပ်ကျေးရွာတို့၌ အင်ဂျင်မီးစက်ဖြင့် မီးပေးခြင်း အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲတွင်ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က အင်ဂျင်မီးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အင်ဂျင်မီးစက်ဖြင့် မီးပေးနိုင်မှုကြောင့် သာယာကြီးကျေးရွာ၌ ၁၀၄ အိမ်၊ ကြို့ဇလုပ်ကျေးရွာ၌ ၁၂၆ အိမ် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တောင်သူများ ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ကွက် ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၄**

သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် ဂေါ့ကျေးရွာ၌ သထုံစိုက်ပျိုးရေးသိပ္ပံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စမ်းသပ်စိုက်ပျိုးထားသည့် ရက်သား ၉၀ ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျ စံပြစိုက်ကွက် ၁၀ ဧက၏ အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုလေ့လာကြရာ စိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ကြီးက ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေး၊ လက္ခဏာများနှင့် စိုက်ပျိုးပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗီယက်နမ်သံအမတ်ကြီး တွေ့ဆုံ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေး

**နေပြည်တော် မေ ၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Chu Cong Phung** သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ - ဗီယက်နမ်နှစ်နိုင်ငံ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ ဆေးဝါးပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)ခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နာယကများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများက အကြံပြုချက်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေး ဆုံးဖြတ်ချက် (၃)ရပ်အပေါ် မူတည်ပြီး ရှေ့လုပ်ငန်းစဉ် (၁၇)ရပ် ချမှတ်အတည်ပြုသည်။

ဆက်လက်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဗဟိုမှ ထောက်ပံ့/ပံ့ပိုးငွေများပေးအပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် အလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်ခင်သန်းဝင်း၊ ဒေါ်သက်သက်ဆွေ၊ ဒေါ်စဝ်နွန်းခွန်ဆမ်တို့က ထောက်ပံ့/ပံ့ပိုးငွေကျပ် ၃၅၅ သိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများအလိုက် ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။** (သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၅-၅-၂၀၁၂ (စနေနေ့)**

| | |
|---|---|
| ၅း၂၀ | MRTV-4 သတင်း |
| ၆း ၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၂) |
| ၇း၃၀ | MRTV-4သတင်း |
| ၈း၀၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၆) |
| ၁၁း၂၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၂) |
| ၂း၀၀ | MRTV-4သတင်း |
| ၃း၄၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၂၆) |
| ၅း၁၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၃) |
| ၆း၀၀ | MRTV-4သတင်း |
| ၆း၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၃) |
| ၉း၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၇) |

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | Arsenal- Norwich | (ESPN) |
| ၁၀း၄၀ | Chelsea- Liverpool | (Star Sports) (MRTV-4) |

❋ ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# ပုလဲသွယ်အထူးအထွက်တိုးစပါး ဖြစ်ထွန်းအောင်မြင်

**ရေစကြို မေ ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးဆောင်မှု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စီမံကြီးကြပ်မှု၊ တောင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် တောင်သူပညာပေး ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး ၁၀ ဧက စိုက်ကွင်းမှ တောင်သူ ဦးသန်းစိုး၏ ၈၅ ရက်သား စပါးခင်းမှာ သန့်စွမ်းပြီး စပါးနှံများ စုံစုံလင်လင် ထွက်ရှိနေမှုကို မေ ၂ ရက်က တွေ့မြင်ခဲ့ရသည်။**(ယာပုံ)**

အဆိုပါ တောင်သူပညာပေး ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးကို ပေါင်းစနစ်ဖြင့် ပျိုးထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးရေး (၁၄) ချက် (GAP) စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ကေသွယ်မြင့်သည် တောင်သူလယ်သမားများနှင့် နီးနီးကပ်ကပ် ထိတွေ့ပြီး ပေါင်းလိုက်ခြင်း၊ သမန်းနှိုးခြင်း၊ မြေဩဇာကြဲပက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း၊ ရေသွင်းရေထုတ်စနစ်မှန်ကန်စွာ ကျင့်သုံးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သကဲ့သို့ ဒေသ၊ ရေ၊ မြေ သဘာဝနှင့် ကိုက်ညီမှုတို့ကြောင့် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသတွင်းမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုကြလျက် လာမည့်မိုးစပါးရာသီတွင် အဆိုပါ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးကို စိုက်ပျိုးရန် အထူးစိတ်ဝင်စားလျက်ရှိကြောင်း ကျောမကြားရွာရှိ တောင်သူ ဦးတင်ညွှန့်က ပြောပြသည်။

(၃၇၄)



# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိ

**မိတ္ထီလာ မေ ၄**

မိတ္ထီလာမြို့ ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ် (၇/၅) အနီးတွင် ဧပြီ ၂၈ ရက် ညနေ ၃ နာရီခွဲက တောင်တွင်းကြီးမြို့သစ်နေ တင်ထူးအောင် (၄၀)နှစ်သည် ၂၀ယ/--- ဂျာလင်း 125 အနက်ရောင်အားစီး၍ မိတ္ထီလာမြို့မှ ကျောက်ပန်းတောင်းလမ်းအတိုင်း သွားစဉ် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေသူ ဦးမျိုးမြင့် (၄၇)နှစ် (သားသတ်လုပ်ငန်းလုပ်ကိုင်သူ) စီးလာသည့် ရှာရမ်း 110 အနက်ရောင် ဆိုင်ကယ်မှာ ရေဝေကျေးရွာမှ မိတ္ထီလာမြို့သို့ စီးလာစဉ် မျက်နှာချင်းဆိုင် တိုက်မိခြင်းဖြစ်ပြီး ဆိုင်ကယ်စီးသူနှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့ကြသည်။ ယာဉ်တိုက်မှုကို အလည်ရွာရဲစခန်းမှူး ဒု-ရဲအုပ်သန်းဆောင်က ရဲစခန်း(ပ) ၁၃/၂၀၁၂ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

# မလေးရှားတွင် အလုပ်ရမည်ပြောပြီး ငွေလိမ်သူအားအမှုဖွင့်

**မိတ္ထီလာ မေ ၄**

မိတ္ထီလာမြို့နယ် ကျွဲတလင်းကျေးရွာအုပ်စု မယ်ဇလီပင်ကျေးရွာနေ မမိုးကြည်သန်း(ခ) မငယ်သည် သားဖြစ်သူ မောင်ပြည့်ထွန်းအား မလေးရှားနိုင်ငံတွင် အလုပ်ရအောင်လုပ်ပေးမည်ဟု တစ်ရွာတည်းနေ ကိုကျော်ထွန်းက စည်းရုံးသိမ်းသွင်းပြီး ကျောက်ပန်းတောင်းမြို့နယ် စမ်းရရွာနေ ကိုသန်းစည်တို့က ယုံကြည်အောင်ပြောဆိုသဖြင့် မမိုးကြည်သန်းက ၂၀၁၁ ခုနှစ် မေလက သားဖြစ်သူကို မလေးရှားနိုင်ငံသို့ သွားရောက်ရန်အတွက် ဝန်ဆောင်ခ ငွေကျပ် ၁၁ သိန်း ပေးအပ်ခဲ့သည်ဆို၏။ ထို့နောက် သားဖြစ်သူ မောင်ပြည့်ထွန်းအား ကိုကျော်ထွန်းနှင့် ကိုသန်းစည်တို့က မလေးရှားသွားရန် ရန်ကုန်မြို့သို့ သုံးလခန့် ခေါ်သွားပြီး သားဖြစ်သူမှာ မလေးရှားမသွားရဘဲ ရွာသို့ ပြန်လာခဲ့ရသည်ဆို၏။ မိခင်ဖြစ်သူ မမိုးကြည်သန်းက ကိုကျော်ထွန်းနှင့် ကိုသန်းစည်တို့ထံ ပေးထားသော ငွေကျပ် ၁၁ သိန်းကို ပြန်တောင်းရာ ယနေ့အထိ ပြန်မရသဖြင့် မမိုးကြည်သန်းက ဧပြီ ၂၈ ရက်တွင် မိတ္ထီလာမြို့ အမှတ်(၁)ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက ကိုကျော်ထွန်းနှင့် ကိုသန်းစည်တို့အား ရဲစခန်း (ပ)၁၆၇/ ၂၀၁၂ ပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်အရေးယူထားသည်။ တင်လှိုင်(မိတ္ထီလာ)

# မိုးစပါးစိုက်ပျိုးရာသီ ရေကြီးကွင်း ရေနက်ကွင်းများ၌ ရေလွှမ်းနစ်မြုပ်မှုကြောင့် စပါးစိုက်ပျိုးမှု မထိခိုက်စေရေးဆောင်ရွက်ရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အချို့သောနေရာဒေသများသည် မိုးရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ ရေလွှမ်းနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ပြီး မိုးစပါးစိုက်ခင်းများ နစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်တတ်ပါသည်။

၂။ ယင်းသို့ ဖြစ်ပေါ်ကြုံတွေ့လာပါက စပါးစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ခံရခြင်း လျော့နည်းစေရန် အောက်ပါလုပ်ငန်းရပ်များကို ကြိုတင်ဆောင်ရွက်ထားကြရပါမည်။

၃။ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသော သက်တမ်းတိုစပါးမျိုးများကို အရန်မျိုးအဖြစ် ကြိုတင်စုဆောင်းထားရှိရန်။

၄။ ကုန်းမြင့်သောနေရာများတွင် အရန်ပျိုးခင်းများအား ပျိုးထောင်ထားရန်။

၅။ ရေကြီးနစ်မြုပ်ပျက်စီးသော စိုက်ခင်းများကို အရန်ပျိုးခင်းမှ ပျိုးပင်များနှင့် ပျက်စီးမှုမရှိသော စိုက်ပျိုးပြီးစပါးခင်းများမှ ထွက်ရှိလာသည့် ပင်ပွားများမှ ပျိုးပင်ရယူပြီး သားတက်ရယူ၍ သားခွဲစနစ်ဖြင့် ပြန်လည်စိုက်ပျိုးကြရန်။

၆။ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော စိုက်ခင်းနေရာများတွင် ပိုးမွှားရောဂါများ ကျရောက်မှု အလွယ်တကူ ဖြစ်ပွားတတ်သဖြင့် ပြန်လည်စိုက်ပျိုးပြီးသော စိုက်ခင်းများကို ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်။

၇။ စိုက်ခင်းသစ်များ ကြီးထွားဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သော သွင်းအားစု (ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ)များကို အချိန်ကိုက် အချိုးကျ ထည့်သွင်းပေးရန်။

၈။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီ ရယူဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် နိုင်ငံတကာလေ့လာမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားသို့ တက်ရောက်မှာကြား

**နေပြည်တော် မေ ၄**

၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာလေ့လာမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာလေ့လာမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ထိုင်းနိုင်ငံ၌ ၂၀၁၀ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့် ဖွဲ့စည်းမှု၊ သန်းခေါင်စာရင်းဥပဒေနှင့် စာရင်းကောက်ယူနည်းများ၊ လုပ်ငန်းအချိန်ဇယားအလိုက် သတ်မှတ်ဆောင်ရွက်မှုများ၊ နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုဆောင်ရွက်မှု၊ မေးခွန်းပုံစံနှင့် စာရင်းကောက်ယူမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက လေ့လာတွေ့ရှိချက်များ၊ လုပ်ငန်းဆိုင်ရာ သုံးသပ်အကြံပြုချက်များ၊ လိုအပ်ချက်များနှင့် ဖြည့်ဆည်းပေးရမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတကာ၌ ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းကောက်ယူမှုများအပေါ် စနစ်တကျ လေ့လာသုံးသပ်၍ မိမိနိုင်ငံ၌ ဆောင်ရွက်မည့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်စေမည့် လုပ်နည်းစနစ်များကို အသုံးပြုဆောင်ရွက်ရေး၊ မိမိနိုင်ငံ၌ ယခင်ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများအပေါ် အခြေခံ၍ ခေတ်စနစ်နှင့်အညီ ပြန်လည်ပြုပြင်နိုင်ရန် သုံးသပ်ဆောင်ရွက်ကြရေး၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် သတင်းနှင့် ပြန်ကြားရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်မည့် အစီအမံများ စနစ်တကျ ရေးဆွဲရေး၊ သင်ထောက်ကူဗီဒီယိုစနစ်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း နည်းပညာ ဖြန့်ဝေဆောင်ရွက်ရေး၊ မကြာမီဆောင်ရွက်မည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် စနစ်တကျတင်ပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၅-၅-၂၀၁၂ (စနေနေ့)**

**[၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဥပုသ်နေ့)]**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ရွှေစေတီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ ဟောကြားတော်မူအပ်သော "ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော်
၈း၅၀ ဓမ္မပူဇာတေး
၁၂း၅၅ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁း၁၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား" (အပိုင်း-၁)**
၂း၁၀ "တစ်ပါးသီလ-၂" (ဖိုးသောကြာ၊ မြင့်စိုင်းသား အောင်အောင်၊ စောနိုင်(ရှမ်းပြည်)၊ တင်တင်လှ၊ ဟန်လေး) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]
၄း၄၅ "ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နှဲ့ပျော် ညောင်ရေသွန်းပွဲတော်"
၅း၀၀ ကဆုန်လပြည့်နေ့တေးများ
၆း၂၀ ရုပ်မြင်ပြဇာတ်အစီအစဉ်
၆း၄၀ "အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း"
၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၃၃)**
၈း၀၀ ပြည်တွင်းသတင်း
**-ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ဒိုင်နိုဆောညီနောင်အစာလုပွဲ)**
**-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၁)**
-ဂီတတံခါးလေးဖွင့်ပါဦး
-သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ "ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော် (သံဝေဇနိယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)



**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး အလုပ်သမားနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၄**

မန္တလေးတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ဖတ်ကြားသည်။

ထို့နောက် အေသုံးလုံး ဘိလပ်မြေစက်ရုံမှအလုပ်သမား ဦးအောင်အောင်က လူမှုရေးကာကွယ်စောင့်ရှောက်မှုနှင့် ကမ္ဘာသစ်အထွေထွေစက်မှုလက်မှုလုပ်ငန်းပိုင်ရှင် ဦးမောင်မောင်ဦးက အလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မြို့ရွာများခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စည်ပင်သာယာဝန်ထမ်းများ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်ချက်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လျာထားချက်တို့ကို ရှင်းလင်းတင်ပြပြီး ၂၈ မြို့နယ်မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မြို့နယ်များအလိုက် စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတကာ အနုပညာရပ်ဝန်း — အောဝမ်းစိုး

# ပက်စီနှင့် လက်မှတ်ရေးထိုးခဲ့သည့် ကေတီပါရီ



ကေတီပါရီ။

နာမည်ကျော်အဆိုတော် ကေတီပါရီက ၎င်း၏ Part of Me 3D ဂီတဖျော်ဖြေပွဲ ရုပ်ရှင်ဇာတ်ကား အရောင်းမြှင့်တင်ရေးပြုလုပ်ရန် ပက်စီအချိုရည်ကုမ္ပဏီနှင့် ပူးပေါင်း၍ ရေဒီယို၊ ရုပ်မြင်သံကြား၊ ပုံနှိပ်သတင်းမီဒီယာများနှင့် အွန်လိုင်းသတင်းမီဒီယာများတွင် ကြော်ငြာများပြုလုပ်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟု အင်တာနက်သတင်းများတွင် ဖော်ပြသည်။

၎င်းတို့ သဘောတူညီချက်တစ်ခုတွင် ပက်စီကုမ္ပဏီ၏ ထောက်ပံ့ကူညီမှုဖြင့် ကေတီပါရီ၏ Part of Me 3D ဂီတဖျော်ဖြေပွဲ ရုပ်ရှင်ကား ကမ္ဘာတစ်ဝန်း အကြိုပြသပွဲများတွင် ပရိသတ်များအနေဖြင့် ကြည့်ရှုခွင့်လက်မှတ်များ ရရှိမည်ဖြစ်သည်။ ယင်းအကြိုပြသပွဲများတွင် ကေတီပါရီက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ လက်မှတ်မရသူများအနေဖြင့်လည်း အွန်လိုင်းနှင့် ရုပ်သံလိုင်းများတွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းဇာတ်ကားအရောင်းမြှင့်တင်ရေး တာဝန်ရှိသူတစ်ဦးဖြစ်သည့် လီအန်နီစတေဘယ်လ်က "ပက်စီဟာ ကမ္ဘာကျော် ကုန်အမှတ်တံဆိပ် တစ်ခုဖြစ်ပါတယ်။ ဒီလို ပူးပေါင်းပါဝင်မှုဟာလည်း ရတောင့်ရခဲ အခွင့်အရေးတစ်ခုဖြစ်သလို ပရိသတ်များအနေဖြင့် ယခုနှစ်နွေရာသီမှာ ဖြန့်ချိပြသမယ့် ကေတီ၏ဇာတ်ကားကို ကြည့်ရှုခွင့်ရကြမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းဇာတ်ကားတွင် ကေတီ၏ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်ဖျော်ဖြေပွဲ မှတ်တမ်းများ၊ ဖျော်ဖြေရေးစင်မြင့်နောက်ကွယ်မှ အဖြစ်အပျက်များနှင့် ကေတီကိုယ်တိုင်ပွင့်ပွင့်လင်းလင်း ဖွင့်ဟထားသည့် ဘာသာရေးခံယူချက်များ၊ အောင်မြင်မှုအတွက် ရုန်းကန်ခဲ့ရပုံများအပါအဝင် ၎င်း၏ စိတ်ဝင်စားဖွယ် ဘဝဇာတ်ကြောင်းများ ပါဝင်သည်။ **အင်တာနက်။**

# ဟောလိဝုဒ်ကြယ်ပွင့်နှင့် ဂုဏ်ပြုခံရသည့် စကားလက်ဂျိုဟန်ဆန်

ကမ္ဘာကျော်ဟောလိဝုဒ်မင်းသမီး စကားလက်ဂျိုဟန်ဆန်က နာမည်ကျော်ထင်ရှားသည့် ဟောလိဝုဒ်လမ်းမကြီးပေါ်တွင် ထင်ပေါ်ကျော်ကြားသည့် အနုပညာရှင်များအား ဂုဏ်ပြုလေ့ရှိသည့် ကြယ်ပွင့်ဖြင့် ဂုဏ်ပြုခံရသည့်အတွက် စိတ်လှုပ်ရှား ပျော်ရွှင်မိကြောင်းနှင့် ယင်းမှာ သူ့အတွက် အောင်မြင်မှုကြီးကြီးမားမား ပြုလုပ်နိုင်ခဲ့သည်ကို သက်သေပြနေခြင်းပင်ဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောကြားသည်။

အသက် (၂၇)နှစ်ရှိ စကားလက်သည် အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ၎င်း၏ မိခင်၊ ညီမ၊ အဘွားတို့နှင့်အတူ တက်ရောက်လာခဲ့သည်။ စကားလက်သည် အသက်ရှစ်နှစ်အရွယ် ကလေးဘဝကတည်းက ကလေးသရုပ်ဆောင်အဖြစ် ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

"ကျွန်မ ရုပ်ရှင်လောကမှာ ကျင်လည်ခဲ့တာ နှစ်ပေါင်း ၂၀ လောက်ရှိပါပြီ။ ကျွန်မကလေးဘဝကတည်းက ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပါတယ်။ ကျွန်မရဲ့အနုပညာသက်တမ်းတစ်လျှောက်မှာ ဒါဟာ အကြီးမားဆုံး အောင်မြင်မှုမှတ်တိုင်ပါပဲ" ဟု စကားလက်က ထုတ်ဖော်ပြောကြားသည်။

စကားလက်သည် ၂၀၀၃ ခုနှစ်၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်များတွင် ရွှေကမ္ဘာလုံးဆုပေးပွဲများအတွက် ပဏာမအမည်စာရင်းတွင် ရွေးချယ်ခံခဲ့ရပြီး ၂၀၁၀ ခုနှစ်တွင် A View From the Bridge ပြဇာတ်ဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု (Tony Award)ကို ဆွတ်ခူးရရှိခဲ့သည်။

စကားလက်ကို ယခုလောလောဆယ် ၎င်း၏ ဇာတ်ကားသစ် The Avengers ဇာတ်ကားတွင် ရှုစားနိုင်သည်။

**အင်တာနက်။**



စကားလက်ဂျိုဟန်ဆန်။


## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

# တင်းနစ်အားကစားနည်း အောင်မြင်မှုရရှိရေး တွေ့ဆုံဆွေးနွေး



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် တင်းနစ်အားကစားနည်း အောင်မြင်မှုရရှိနိုင်ရေးအတွက် အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

**ရန်ကုန် မေ ၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တင်းနစ်အားကစားနည်း အောင်မြင်မှုရရှိရေး အမြင်ချင်းဖလှယ် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Myanmar Distribution Group ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခိုင်ထွေးနှင့် ဦးဝင်းဆွေ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ လက်ရွေးစင်/နည်းပြဟောင်းများဖြစ်ကြသည့် ဦးသန်းလွင်၊ ဦးဂျိုဘမောင်၊ ဦး Robert သိန်းထွန်း၊ ဦးမောင်မောင်လေး၊ မြန်မာ့လက်ရွေးစင်တင်းနစ်နည်းပြဆရာ အမေရိကန်နိုင်ငံမှ Technical Director Mr. Robert Davis နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တင်းနစ်အားကစားနည်း အောင်မြင်မှုရရှိရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သူ့အမြင် သူ့အတွေး

# ဆူညံသံဘေး ကင်းဝေးစေချင်

*ကျွန်တော်သည် ဌာနဆိုင်ရာ အရာထမ်းဘဝမှ အငြိမ်းစားယူပြီး ဒဂုံမြို့သစ်တောင်ပိုင်းတွင် အခြေချနေထိုင်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိပါပြီ။ ကျွန်တော်နေထိုင်ရာ ရပ်ကွက်တွင် ဖိုးလှကြီးဘုရားဟု လူသိများသော အတုလအောင်ဇေယျုံဘွဲ့အမည်ရှိ စေတီတော်တစ်ဆူ တည်ရှိပြီး အိမ်အနီးဝန်းကျင်တွင်လည်း ဘုန်းကြီးကျောင်းများ ရှိနေသဖြင့် ဘာသာရေးကိစ္စများကို အေးချမ်းစွာလုပ်ကိုင်ခွင့်ရတော့မည်ဟု ကျေနပ်ဝမ်းသာနေခဲ့မိပါသည်။ သို့သော် ကျွန်တော်ထင်သလိုမဟုတ်ပါ။ တောင်ဒဂုံသည် ဆူညံသံတို့ အခါမလပ်ကြားနေရသော မြို့နယ်တစ်ခုဖြစ်ကြောင်း တဖြည်းဖြည်း သိလာရ၏။ အလှူမင်္ဂလာတိုင်းလိုပင် "အော်လံ"ဟု အရပ်ကခေါ်သော လော်စပီကာများကို သုံးလေ့ရှိပြီး သီချင်းများကို အသံကျယ်လောင်စွာဖွင့်ကြ၏။ အလှူခံမဏ္ဍပ်များ၊ ဘာသာရေး၊ လူမှုရေးပွဲများတွင်လည်း အသုံးပြုကာ ရွတ်ဖတ်ဟောပြောကြသည့် အသံများကိုလည်း နေ့ညမပြတ်ကြားနေရပါသည်။*

*ရပ်ကွက်များအတွင်း ထီလက်မှတ်ရောင်းသည့် လှည်းများ၊ နို့အေးချောင်းရောင်းသည့် လှည်းများကလည်း (Sound Box) သုံးပြီးသီချင်းများကို အပြိုင်အဆိုင်ဖွင့်ကြ၏။ တရားခွေလှည့်လည်ရောင်းချသည့်ကားငယ်များ၊ ဆေးရောင်းချသည့် ကားငယ်များကလည်း (Sound Box) များဖွင့်ပြီး ဟောပြောရောင်းချနေကြ၏။ ယုတ်စွအဆုံး ဘဲဥပြုတ်၊ ကြက်ဥပြုတ်ရောင်းသူများ၊ မုန့်ဖက်ထုပ်ရောင်းသူများကပါ လက်ကိုင်ဟွန်းငယ်များဖြင့် အော်ဟစ်ရောင်းချနေကြ၏။ ထိုဈေးရောင်းသူများမှာ မိမိတို့ဝမ်းရေးအတွက် တစ်နေရာတည်းတွင် အတည်တကျမဟုတ်ဘဲ လှည့်လည်သွားလာနေကြရာ များစွာအနှောင့်အယှက်မဖြစ်သဖြင့် ခြွင်းချက်ထားကြပါစို့။ ကျွန်တော်ဆိုချင်သည်မှာ တောင်ဒဂုံတွင် အသံချဲ့စက်သံမကြားရသော နေ့ဟူ၍ မရှိပါဟုဆိုလျှင် လွန်အံ့မထင်ပါ။*

*ဆူညံသံများသည် လူတို့၏ကိုယ်ရောစိတ်ပါ ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း ပညာရှင်တို့ဆိုမိန့်ခဲ့ကြပါသည်။ ထိုအသံများကြားရဖန်များလျှင် အသက်ကြီးရင့်သူများ စိတ်အေးချမ်းသာနားနေခွင့်မရဘဲ ကျန်းမာရေးကို ထိခိုက်စေပါ၏။ ကျောင်းစာများ တွက်ချက်ဖတ်မှတ်နေရသော ကျောင်းသားများအတွက်လည်း များစွာအနှောင့်အယှက်ဖြစ်စေပါ၏။ ထို့ကြောင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲကာလများတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများက အသံချဲ့စက်များ၊ ကက်ဆက်၊ တီဗွီစသည်များကို ကျယ်လောင်စွာမဖွင့်ရန် တားမြစ်ကန့်သတ်မှုများ ဆောင်ရွက်ကြပါ၏။ သို့ရာတွင် အခြားသောတက္ကသိုလ်ကျောင်းသားများ၊ သင်တန်းအမျိုးမျိုး တက်ကာ ပညာရှာကြသည့် လူငယ်များအတွက်မူ လျစ်လျူရှုထားသလို ဖြစ်နေ၏။ ဥပမာတင်ပြရပါလျှင် ယခုမေလဆန်းပိုင်းတွင် စာမေးပွဲဖြေဆိုနေကြသည့် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားများသည် ဆူညံသံမျိုးစုံ၏ ဖိစီးမှုကို ခံခဲ့ကြရသည်။*

*ကျွန်တော်မှတ်သားမိသမျှ ဆူညံသံအမျိုးမျိုးကို အဆင့်ခွဲခြားရာတွင် ဒက်စီဘယ်(Decible)ခေါ် ယူနစ်ဖြင့် တိုင်းတာရ၏။ လူတို့ပုံမှန်စကားပြောသံသည် (60-65 dB)၊ တယ်လီဖုန်းမြည်သံသည် (80 dB)၊ ကားစက်သံသည် (85 dB)၊ ပေနှစ်ရာအကွာအဝေးမှ မီးရထားသံသည် (95 dB)၊ မော်တော်ဆိုင်ကယ်သံသည် (100 dB)၊ အသံချဲ့စက်သံသည် (120 dB)၊ ရော့ခ်ဂီတသံသည် (150 dB)စသည်ဖြင့် တွက်ချက်မှုများရှိပါသည်။ (90dB)မှ (95 dB)အတွင်းရှိ အသံကို အချိန်ကြာမြင့်စွာကြားနေရပါက အကြားအာရုံ ချို့ယွင်းပျက်စီးသွားသည်အထိ ဖြစ်နိုင်ကြောင်း သိရ၏။ နောက်ဆက်တွဲဆိုးကျိုးအဖြစ် ဦးနှောက်နှင့် အာရုံကြောများထိခိုက်ပြီး စိတ်ကျန်းမာရေးကိုပါ ချို့ယွင်းစေနိုင်သည်ဟု ဆိုပါ၏။*

*ကျွန်တော်သည် လက်လှမ်းမီရာ မိမိမြို့နယ်အတွင်းအခြေအနေကို အပြုသဘောတင်ပြခြင်းဖြစ်ပါသည်။ ရန်ကုန်ဆင်ခြေဖုံးမြို့နယ်များနှင့် နယ်မြို့များတွင်လည်း အလားတူဆူညံသံအနှောင့်အယှက်များ ရှိနေမည်သာဖြစ်ပါသည်။ သို့သော် နေ့စဉ်ကြားနေရသည့် အသံများဖြစ်၍ နားယဉ်နေခြင်း၊ ဆူညံသံ၏ အန္တရာယ်ကို သတိမပြုမိခြင်းတို့ကြောင့် ဆူညံသံ၏ နှိပ်စက်မှုကို ခံနေကြရသည်ဟု ထင်မြင်မိပါသည်။ အမှန်စင်စစ်ဆူညံသံတို့သည် လူတို့၏ ပယောဂကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ရာ ပြည်သူများအနေဖြင့် စေတနာအရင်းခံသော အသိစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ထိန်းသိမ်းလျှော့ချပေးသင့်ပါသည်။ အလှူမင်္ဂလာပွဲများ၊ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် အသံချဲ့စက်များကို မတပ်ဆင်ကြဘဲ ပတ်ဝန်းကျင်အနီးအနားကြားနိုင်လောက်သည့် (Sound Box)များကိုသာ သုံးစွဲသင့်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူတို့ကလည်း ပြည်သူများအား ပညာပေးဆွေးနွေးခြင်း၊ ထိန်းသိမ်းကြပ်မတ်ခြင်းတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။*

**—— မောင်ညွန့် ——**

## နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

# ရီးဒင်းနှင့် နယူးကာဆယ်တို့ အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေသည့် ဘန်လေကွင်းလယ်ကစားသမား ဘတ်တာဖီးလ်

ဘန်လေ မေ ၄

**ချန်ပီယံရှစ်တန်းတက်အသင်း ရီးဒင်းအသင်းနှင့် ပရီမီယာလိဂ်တွင် အဆင့်(၅)နေရာ၌ ရောက်ရှိနေသော နယူးကာဆယ်အသင်းတို့သည် ဘန်လေအသင်းမှ ကွင်းလယ်ကစားသမား ဂျာကော့ဘ်ဘတ်တာဖီးလ်အား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရေး အပြိုင်ကြိုးပမ်းလျက်ရှိသည်။**

ရီးဒင်းအသင်းသည် ချန်ပီယံရှစ်မှ တန်းတက်အသင်းတစ်သင်း ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ်တွင် အကောင်းဆုံးခြေစွမ်းပြနိုင်မည့် ကစားသမားတစ်ဦး ဖြစ်လာမည့် ဘန်လေအသင်း ကွင်းလယ်ကစားသမား ဂျာကော့ဘ်ဘတ်တာဖီးလ်အား ပေါင်နှစ်သန်းဖြင့် စာချုပ်ရန် ကြိုးပမ်းခဲ့သည်။

ရီးဒင်းအသင်းနှင့် နယူးကာဆယ်အသင်းတို့သည် အသင်း၏ အနာဂတ်အရေးကို တွက်ဆကာ အသက် (၂၁)နှစ်အရွယ်ရှိ ဂျာကော့ဘ်ဘတ်တာဖီးလ်အား မျက်စိကျနေကြခြင်းဖြစ်ကြောင်း မေ ၄ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

ထို့ကြောင့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီကုန် နွေရာသီကာလတွင် ဂျာကော့ဘ်ဘတ်တာဖီးလ် ဘန်လေအသင်း၌ ဆက်ရှိနေမည်လား သို့မဟုတ် နယူးကာဆယ်နှင့် တန်းတက်အသင်းရီးဒင်း မည်သည့်အသင်းသို့ ရောက်ရှိမည်ကို စောင့်ကြည့်ရမည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ ***အင်တာနက်။***



ဘန်လေအသင်းမှ ကွင်းလယ်ကစားသမား ဂျာကော့ဘ်ဘတ်တာဖီးလ်။

# အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

**ရန်ကုန် မေ ၄**

၂၀၁၂ခုနှစ် ကချင်ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့ နာယကဖလား ခရိုင်ပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ ၂၇ ရက် ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြစ်ကြီးနားခရိုင် အမျိုးသမီးဘောလုံးအသင်းက ဗန်းမော်ခရိုင် အမျိုးသမီး ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုပေးပွဲကို ကျင်းပရာ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ပြီး ပထမရရှိသည့် မြစ်ကြီးနားခရိုင် အမျိုးသမီးဘောလုံးအသင်းအား ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ကံဆီးဆိုင်းလုံက တံခွန်စိုက်ဆုဖလားချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စပါးအသင်းမှ ဂါရက်ဘေးလ်အား ခေါ်ယူရန် မန်စီးတီးအသင့်ရှိနေ

**မန်ချက်စတာ မေ ၄**

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းမှ တောင်ပံကစားသမား ဂါရက်ဘေးလ်အား ပြောင်းရွှေ့ကြေး ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူစာချုပ်ရန် အသင့်အနေအထားတွင် ရှိနေသည်။

ဝေးလ်နိုင်ငံသား ဂါရက်ဘေးလ်သည် ဆောက်သမ်တန်အသင်း၌ ကစားသမားဘဝ စတင်ခဲ့ပြီး ၂၀၀၇ ခုနှစ် မေ ၂၅ ရက်တွင် ပြောင်းရွှေ့ကြေး ပေါင် ငါးသန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုကာ စပါးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

ဂါရက်ဘေးလ်အား ခေါ်ယူနိုင်ရေးအတွက် မန်စီးတီးအသင်းက သုံးကြိမ်သုံးခါထိ ကြိုးစားမည်ဖြစ်ကြောင်းနှင့် ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍လည်း တစ်ပတ်လုပ်ခ ပေါင် ၁၀၀၀၀၀ ပေးရန်လည်း ဆုံးဖြတ်ထားသည်ဟု ဆိုသည်။ ထို့ကြောင့် ဂါရက်ဘေးလ် အသင်းသို့ရောက်ရှိလာရေး မန်စီးတီးအသင်းက တောင်းဆိုမှုများ ပြုလုပ်ထားသည်ဟုလည်းဆိုသည်။

ဂါရက်ဘေးလ်သည် စပိန်ကလပ်ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန်လည်း ကြိုးပမ်းခဲ့ဖူးကြောင်း၊ သို့သော် ပရီမီယာလိဂ်တွင်သာ ဆက်ကစားရန်ဆန္ဒရှိခဲ့ကြောင်းနှင့် လုပ်ခလစာမြင့်မှသာလျှင် ပြောင်းရွှေ့ရေးစဉ်းစားမည်ဟု ဂါရက်ဘေးလ်က ပြောကြားသည်။

စပါးအသင်းကလည်း ဂါရက်ဘေးလ်အား ရောင်းထုတ်မည့်အလားအလာများ ရှိနေပြီး ဂါရက်ဘေးလ်၏ ဆန္ဒပေါ်မူတည်၍ အပြောင်းအရွှေ့စာချုပ်ချုပ်ဆိုမှုမှာ အောင်မြင်အထမြောက်မည့်အနေအထားတွင်ရှိနေသည်ဟု မန်စီးတီးအသင်းက ဖွင့်ဟခဲ့သည်။ ***အင်တာနက်။***



တော့တင်ဟမ်ဟော့စပါးအသင်းမှ တောင်ပံကစားသမား ဂါရက်ဘေးလ်။

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

**နိုင်လင်းကြည်**

# အက်ဖ်အေ ဥပေက္ခာပြုခံရသည့် ဟယ်ရီရက်နက်အား ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ဆန္ဒရှိဟုဆို

**လန်ဒန် မေ ၄**

စပါးအသင်းနည်းပြ ဟယ်ရီရက်နက်အား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကခေါ်ယူမည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး အက်ဖ်အေ၏ ဥပေက္ခာပြုခြင်းခံရပြီးနောက် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းက ခေါ်ယူလိုကြောင်း အတိအလင်းပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းတွင် ပြီးခဲ့သည့်မတ်လအတွင်းက နည်းပြအန်ဒရီဗီလာဘိုအာ့စ်အား ထုတ်ပယ်ခဲ့ပြီး ၎င်း၏ လက်ထောက်နည်းပြ ဒီမတ်တီယိုအား ယာယီနည်းပြခန့်အပ်ခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က အသင်းမန်နေဂျာခန့်အပ်ရန် ရည်ရွယ်ထားသည့်စာရင်းတွင် စပါးအသင်းနည်းပြ ဟယ်ရီရက်နက်မှာ ထိပ်ဆုံးမှပါဝင်နေကြောင်း ပြောကြားခဲ့သည်။

အေဗရာမိုဗစ်ချ်ခေါ်ယူလိုသည့် နည်းပြစာရင်းတွင် ဘာစီလိုနာနည်းပြ ပက်ဂွါဒီယိုလာနှင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဂျို့စ်မော်ရင်ဟိုတို့လည်း ပါဝင်သည်။ သို့သော် ဂွါဒီယိုလာက အသင်းနည်းပြဘဝမှ အနားယူဖွယ်ရှိနေပြီး မော်ရင်ဟိုကလည်း ရီးယဲလ်မက်ဒရစ်၌သာ ဆက်လက်နေမည်ဆိုသောကြောင့် အေဗရာမိုဗစ်ချ်က စပါးအသင်းနည်းပြ ဟယ်ရီရက်နက် **(အပေါ်ပုံ)**ကို အဓိကပစ်မှတ်ထားလာခြင်းဖြစ်သည်။



သို့သော် အသက်(၆၄)နှစ်အရွယ်ရှိ ရက်နက်သည် စပါးအသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်ကျော် ကျန်ရှိနေသောကြောင့် ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာရန် မသေချာကြောင်း၊ စပါးအသင်း၌ မိမိရှိနေစဉ်အတွင်း ကစားသမားကောင်းများ ခေါ်ယူကာ အောင်ပွဲခံရန် ဆန္ဒရှိနေသေးကြောင်း ရက်နက်က ဆိုသည်။ ***အင်တာနက်။***

# မီးလောင်မှုလျှော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်းမခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

**မီးသတ်ဦးစီးဌာန**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU)ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းသည် နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Norah Babic နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီအဆောင်အမှတ်(၁)ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လွှတ်တော်အတွင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**လက်ခံတွေ့ဆုံ**

**ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Norah Babic နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# တောင်သူများ သီးထပ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး ကြိုးစားကြစေလို သိပ္ပံနည်းကျစိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးစရိတ်ရရှိရေး ကူညီဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့ နံနက် ၇ နာရီတွင် ထန်းတပင်မြို့နယ် မင်္ဂလာရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်ထောင်စုဝန်ကြီးက ရေခေါ်မြောင်းအတွင်း ရေစီးရေလာ ပိုမိုကောင်းမွန်ရေးအတွက် မြောင်းချဲ့ထွင်ဖောက်လုပ်ရေး၊ ဒိုက်၊ အမှိုက်များကင်းရှင်းစေရေး၊ ရေထိန်းတံခါး ကြံ့ခိုင်ရေးတို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် တွံ့တေးမြို့နယ် မြောင်းတလုပ်ကျေးရွာအနီးရှိ ခတ္တိယ-မြောင်းတလုပ် တာဖြတ်နေရာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ယင်းတာဖြတ်နေရာတွင် ရေထိန်းတံခါး တည်ဆောက်နိုင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ထန်းတပင်မြို့နယ် ပန်တိုင်ကျေးရွာအနီးရှိ ပန်တိုင်ရေထိန်းတံခါး(၂)စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ပန်တိုင်ရေထိန်းတံခါး(၂)ကို အချိန်တိုကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏ ရည်ရွယ်ချက်နှင့် စေတနာကို နားလည်သဘောပေါက်၍ သီးထပ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး ကြိုးစားကြစေလိုကြောင်း၊ မိမိတို့ဌာနကလည်း တောင်သူများအား သိပ္ပံနည်းကျ စိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးစရိတ်ရရှိရေးစသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး စံပြစိုက်ကွင်းများ ထူထောင်၍ ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်တိုင်(၂)ရေထိန်းတံခါးပြီးစီးပါက လယ်ဧက အနည်းဆုံးဧက ၇၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပြီး နောင်တွင် ရေသွယ်မြောင်းများ ဖောက်လုပ်မှုအပေါ် မူတည်၍ ရေပိုမိုရရှိနိုင်ကာ စိုက်ဧကများ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ရေရရှိရန် ဤရေထိန်းတံခါး တည်ဆောက်ပေးခြင်းအတွက် ဒေသခံတောင်သူလယ်သမားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရေသွင်းရေထုတ်မြောင်းမကြီး ဖောက်လုပ်နေမှု၊ ရေထိန်းတံခါးတပ်ဆင်ရန် ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေခေါ်မြောင်းမကြီး ဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပန်တိုင်(၂)ရေထိန်းတံခါးမှာ သံကူကွန်ကရစ် ၆ ပေ × ၆ ပေ (၆)ပေါက်ရေတံခါးဖြစ်ပြီး ရေထုတ်မြောင်းမကြီးအရှည်ပေ ၉၀၀၊ ရေခေါ်မြောင်းမကြီး အရှည်ပေ ၂၄၀၀ ရှိသည်။ ရေထိန်းတံခါးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး မေလအတွင်း ပြီးစီးမည်ဖြစ်ကြောင်းနှင့် စီမံကိန်းပြီးစီးပါက ပန်တိုင်ရေထိန်းတံခါးမှ သွင်းယူသည့် ရေများဖြင့် တွံ့တေးမြို့နယ် ရွှေမုယင်းဒေသ၌ နွေစပါးဧက ၇၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ထန်းတပင်မြို့နယ် မင်္ဂလာရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။**(သတင်းစဉ်)

# အာရှ၏အတိတ်ခေတ် ဗိသုကာရတနာများ ဆုံးရှုံးပျောက်ကွယ်မည့်ဘေးနှင့် ရင်ဆိုင်နေရ

**ပေကျင်း မေ ၄**

အာဖဂန်နစ္စတန်နိုင်ငံမှ ဗုဒ္ဓသာသနိက အဆောက်အအုံတစ်ခုမှသည် တရုတ်နိုင်ငံမှ ရှေးဟောင်းမြို့တော် တစ်ခုအထိ အပါအဝင်ဖြစ်သော အာရှတိုက်၏ ရှေးခေတ်ဗိသုကာလက်ရာ ရတနာများသည် စီးပွားရေးလုပ်ငန်းများ ထွန်းကားကျယ်ပြန့်လာမှု၊ စစ်မက်နှင့် ခရီးသွားလုပ်ငန်းများကြောင့် ပျက်စီးပျောက်ကွယ်ရမည့်ဘေးနှင့် ရင်ဆိုင်နေရကြောင်း မေ ၄ ရက်သတင်းများတွင် ဖော်ပြသည်။

အာရှတိုက်တွင်တည်ရှိပြီး ပြန်လည်အစားထိုးမရနိုင်သော ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည့် ရှေးခေတ်ဗိသုကာလက်ရာများရှိရာနေရာ ၁၀ နေရာတို့၏ အမည်ကို ကမ္ဘာ့အမွေအနှစ်များ ရန်ပုံငွေအဖွဲ့ဟူသော အဖွဲ့အစည်းတစ်ရပ်က စာရင်းပြုစုခဲ့သည်။

အဆိုပါ နေရာ ၁၀ နေရာတို့သည် အာရှနှင့် ဖွံ့ဖြိုးဆဲကမ္ဘာတစ်လွှားမှ ပျက်စီးဆုံးရှုံးမှု ဘေးနှင့် ရင်ဆိုင်နေရသော ရှေးခေတ် ဗိသုကာလက်ရာများ၏ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ကြောင်း ကမ္ဘာ့အမွေအနှစ်များ ရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

ရှေးကျပြီး နက်နဲအဆင့်မြင့်သည့် အာရှယဉ်ကျေးမှု၏ ဗိသုကာလက်ရာ ရတနာများသည် စီးပွားရေး ထွန်းကားကျယ်ပြန့်မှု၊ ခရီးသွားလုပ်ငန်းများ ရုတ်ခြည်းမြင့်တက်လာမှုနှင့် ပြုပြင်ထိန်းသိမ်းမှု နည်းပညာချို့တဲ့မှုတို့ကြောင့် ပျက်စီးဆုံးရှုံးရမည့်ဘေးနှင့် ကြုံနေရသည့်အပြင် ဒေသတွင်း ခိုးဝှက်လုယက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်း ပျက်စီးနေကြရကြောင်း သိရသည်။

ရှေးခေတ်ဗိသုကာလက်ရာများ ထိန်းသိမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများ၌ ပူးပေါင်းဆောင်ရွက်မှုနှင့် ရွေးချယ်မှုများ အားနည်းချက်ရှိကြောင်း၊ ကုလသမဂ္ဂ၏ ယဉ်ကျေးမှုရေးရာအဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)မှာလည်း ချမ်းသာကြွယ်ဝသော ဥရောပနိုင်ငံများမှ ရှေးခေတ်ဗိသုကာလက်ရာများကိုသာ လုံးလုံးလျားလျားနီးပါးမျှ အာရုံစိုက်နေကြောင်း ကျွမ်းကျင်သူများက ဝေဖန်ခဲ့သည်။

ယူနက်စကိုက စာရင်းပြုစုထားသော ကမ္ဘာ့အမွေအနှစ်နေရာဒေသစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမှာ အချမ်းသာဆုံးနိုင်ငံများ၌ တည်ရှိနေကြောင်း ကမ္ဘာ့အမွေအနှစ်များ ရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။

ပျက်စီးပျောက်ကွယ်မည့်ဘေး ရင်ဆိုင်နေရသော အာရှဗိသုကာလက်ရာများစာရင်းတွင် ထိုင်းနိုင်ငံမှ အယုဒ္ဓယမြို့ဟောင်းနှင့် တရုတ်နိုင်ငံမှ ပိုးလမ်းမမြို့တော်ဖြစ်သည့် ကတ်ရှ်ဂါမြို့ဟောင်းတို့လည်း ပါဝင်လျက်ရှိသည်။ ***အင်တာနက်။***



***ဖိလစ်ပိုင်မှ ပျောက်ကွယ်ရမည့်ဘေးနှင့်ရင်ဆိုင်နေရသော စန်တီယေဂိုခံတပ်ဟောင်း။***